# ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့

၁၃၃၂ ခု၊ ကဆုန်လပြည့်ကျော် ၈ ရက်။
(၁၉၇၀ ခုနှစ်၊ မေလ ၂၈ ရက်။)

## ၁၉၇၀ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမ အသင်း ဥပဒေ

[၁၉၇၀ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၂]

### နိဒါန်း

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီသည်၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ကိုချမှတ်၍၊ ဆိုရှယ်လစ်စံနစ်သို့ ချီတက်လျက်ရှိသည်။ ဤကဲ့သို့ချီတက်ရာတွင် ''တိုင်းပြည်၏ကုန်ထုတ်အရင်းအနှီးများကို၊ နိုင်ငံတော်ကသော်၎င်း၊ သမဝါယမနှင့် စုပေါင်းအဖွဲ့များကသော်၎င်း ပိုင်ဆိုင်ရမည်၊ ယင်းပိုင်ဆိုင်မှုများတွင် နိုင်ငံတော် ပိုင်ဆိုင်မှုသည်၊ ဆိုရှယ်လစ်စီးပွါးရေးစံနစ်၏အဓိကအခြေခံဖြစ်ပေသည်။ နိုင်ငံတော်ပိုင်ဆိုင်မှုသည်၊ ပြည်သူတရပ်လုံး၏ ပိုင်ဆိုင်မှုဖြစ်သည်။ သမဝါယမနှင့် စုပေါင်းအဖွဲ့များ၏ ပိုင်ဆိုင်မှုသည်၊ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီး၏ပိုင်ဆိုင်မှုသာဖြစ်သည်။ ထိုသို့သော်အားလုံးသည် ဆိုရှယ်လစ်အမျိုးသားစီးပွါးရေးစီမံကိန်း ဘောင်အတွင်း၌သာ ဆောင်ရွက်ကြရသောကြောင့်၊ အချင်းချင်းကျေးဇူးပြုကြမည်သာ ဖြစ်သည်။'' ဟုပြဋ္ဌာန်းထားပါသည်။

အဆိုပါ ပြဋ္ဌာန်းချက်နှင့်အညီ၊ ဆောင်ရွက်နိုင်ရန်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်တွင် ဖော်ပြသော ဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

### အခန်း ၁

### အမည်၊ အာဏာတည်သည့်ရက်နှင့် အဓိပ္ပါယ်ဖော်ပြချက်

အမည်နှင့်အာဏာတည်သည့်ရက်။

၁။ (၁) ဤဥပဒေကို၊ ၁၉၇၀ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမ အသင်းဥပဒေဟုခေါ်ရမည်။

(၂) ဤဥပဒေသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တဝှမ်းလုံးတွင် ချက်ခြင်းအာဏာတည်ရမည်။

၂။ ။(၁) ဤဥပဒေတွင် ပါရှိသည့်စကားရပ်များသည်၊ အောက်တွင် ဖော်ပြသည့်အတိုင်း၊ အဓိပ္ပါယ်သက်ဝင်စေရမည်။

အဓိပ္ပါယ်ဖော်ပြချက်။

၁။ သမဝါယမအသင်းဥပဒေ ဆိုသည်မှာ၊ ၁၉၇၀ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်းဥပဒေကိုဆိုလိုသည်။

၂။ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားစာ ဆိုသည်မှာ၊ဤဥပဒေအရ၊ပြုလုပ်သော၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ညွှန်ကြားစာများကိုဆိုလိုသည်။ ဘာသာပြန်ချက်သည် အောက်တွင်ဖော်ပြသည့်အတိုင်းဖြစ်သည်။

| | |
|---|---|
| ဥပဒေ | = Law |
| နည်းဥပဒေ | = Rule |
| စည်းမျဉ်းဥပဒေ | = Regulation |
| စည်းကမ်းဥပဒေ | = Bye-Law |
| အမိန့်ကြော်ငြာစာ | = Notification |
| ညွှန်ကြားစာ | = Directive |

၃။ သမဝါယမအသင်း ဆိုသည်မှာ၊ မှတ်ပုံတင်ပြီး ဖြစ်သော အခြေခံ သမဝါယမအသင်း၊ မြို့နယ် သမဝါယမအသင်း၊ သမဝါယမ အသင်းစုနှင့် ဗဟိုသမဝါယမအသင်းကိုဆိုလိုသည်၊

၄။ သမဝါယမအသင်းစု ဆိုသည်မှာ၊ လုပ်ငန်းတခုအတွက် အခြေခံ သမဝါယမ အသင်းအချို့၊ သို့မဟုတ် မြို့နယ်သမဝါယမအသင်း အချို့ကိုစုပေါင်း၍၊ ဖွဲ့စည်းသောအဖွဲ့ကို ဆိုလိုသည်။

၅။ ကောင်စီ ဆိုသည်မှာ၊ သမဝါယမအသင်းဥပဒေ၊နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်း ဥပဒေများအရ အသင်းဝင် ဖြစ်သည့် အောက်အဆင့် သမဝါယမ အသင်းများက၊ ၎င်းတို့၏ အထက် အဆင့် သမဝါယမ အသင်းအတွက်၊ ရွေးချယ်တင်မြှောက်သော ကိုယ်စားလှယ်များပါဝင်ဖွဲ့စည်းသည့် အဖွဲ့ကိုဆိုလိုသည်။

၆။ ကောင်စီဝင် ဆိုသည်မှာ၊ မြို့နယ် သမဝါယမအသင်း၏ကောင်စီနှင့် ဗဟိုသမဝါယမ အသင်း၏ ကောင်စီတွင် ပါဝင်သော ပုဂ္ဂိုလ်ကို ဆိုလိုသည်။

၇။ အမှုဆောင်ကော်မီတီ ဆိုသည်မှာ၊ သင်းလုံးကျွတ် အစည်းအဝေးနှင့် ကောင်စီများက ၎င်းတို့၏ကိုယ်စား၊ သမဝါယမ အသင်းများ၏ နေ့စဉ်လုပ်ငန်းများကို ဆောင်ရွက်ရန်ဖွဲ့စည်းသော အဖွဲ့ကို ဆိုလိုသည်။

၈။ အခြားကော်မီတီများ ဆိုသည်မှာ၊ အမှုဆောင်ကော်မီတီက၊ ၎င်း၏ စီမံမှုအောက်တွင်၊ လုပ်ငန်းများကို ဆောင်ရွက်ရန် ဖွဲ့စည်းသော ကော်မီတီများနှင့် လုပ်ငန်းအဖွဲ့များကို ဆိုလိုသည်။

၉။ ကော်မီတီဝင် ဆိုသည်မှာ၊ အခြေခံ သမဝါယမအသင်းများ၊ မြို့နယ် သမဝါယမ အသင်းများနှင့် ဗဟို သမဝါယမ အသင်း၏ အမှုဆောင် ကော်မီတီ၊ အခြားကော်မီတီများနှင့် လုပ်ငန်းအဖွဲ့များ၏ ကော်မီတီဝင်များကိုဆိုလိုသည်။

၁၀။ သမဝါယမအသင်းသား ဆိုသည်မှာ၊ အခြေခံသမဝါယမ အသင်းများတွင် ပါဝင်သော ပုဂ္ဂိုလ်ကို ဆိုလိုသည်။

၁၁။ သမဝါယမအသင်းဝင် ဆိုသည်မှာ၊ အခြေခံသမဝါယမ အသင်းစု၊ မြို့နယ်သမဝါယမအသင်း၊ မြို့နယ်သမဝါယမ အသင်းစုနှင့် ဗဟို သမဝါယမအသင်းတွင်ပါဝင်သော အသင်းများကိုဆိုလိုသည်။

၁၂။ အသင်းလုပ်ငန်းတာဝန်ခံ ဆိုသည်မှာ၊ အသင်း၏ လုပ်ငန်းဆောင်တာနှင့် စပ်လျဉ်း၍ ညွှန်ကြားနိုင်ရန်၊ သို့မဟုတ် လုပ်ဆောင်နိုင်ရန် သမဝါယမအသင်းက တာဝန်သတ်မှတ်သော ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဘက်အတွင်းရေးမှူး၊ အမှုဆောင် ကော်မီတီဝင်၊ လုပ်ငန်းအဖွဲ့ဝင်၊ မန်နေဂျာစသည်တို့ကို ဆိုလိုသည်။

၁၃။ အသင်းဝန်ထမ်း ဆိုသည်မှာ၊ အသင်း၏ဘဏ္ဍာမှလစာနှုန်း၊ နေ့တွက်နှုန်း၊ သို့မဟုတ် ပုတ်ပြတ်နှုန်းဖြင့် အခကြေးငွေ ရရှိသူကို ဆိုလိုသည်။

၁၄။ အခစုငွေ ဆိုသည်မှာ၊ ဤဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း ဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားစာများနှင့် အညီ၊ သမဝါယမအသင်းသား၊ သို့မဟုတ် အသင်းဝင်တိုင်းက၊ ပေးသွင်းရန် သတ်မှတ်သောငွေကိုဆိုလိုသည်။

၁၅။ ရံပုံငွေ ဆိုသည်မှာ၊ ဤဥပဒေ၊ နည်းဥပဒေ၊စည်းမျဉ်း ဥပဒေ၊ စည်းကမ်း ဥပဒေ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြား စာများနှင့် အညီ၊ သမဝါယမ အသင်း၏ ဝင်ငွေများမှ သီးခြားခွဲဝေ၍၊ အရံငွေ အဖြစ် သတ်မှတ်သောငွေများကိုဆိုလိုသည်။

၁၆။ အကျိုးငွေ ဆိုသည်မှာ၊ သမဝါယမအသင်းများ၏ သာမန်သုံးငွေထက် ပိုသည့်သာမန်ဝင်ငွေဖြစ်သည်။

၁၇။ အသားတင်အကျိုးငွေ ဆိုသည်မှာ၊ အကျိုးငွေထဲမှ၊ အစိုးရအား ပေးဆောင်ရန်ရှိသောအခွန်များ၊ အသင်း၏ရှုံးပုံငွေများ၊ ရင်းနှီးပစ္စည်းများ၏ ပျက်စီး ဆုံး ရှုံး သည့် တန်ဘိုးလျော့ငွေများနှင့် အခြားထုတ်နုတ်ရန်လိုသောငွေများကို၊ နုတ်ပြီး ကျန်ငွေကို ဆိုလိုသည်။

၁၈။ အကျိုးဝေစု ဆိုသည်မှာ၊ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားစာများအရ၊ အသားတင် အကျိုးငွေအားလုံးကိုဖြစ်စေ၊ တစိတ်တဒေသကိုဖြစ်စေ သက်ဆိုင်သည့် သမဝါယမအသင်းသားများ၊ အသင်းဝင်များအား၊ ခွဲဝေပေးရန် သတ်မှတ်သော ငွေကိုဆိုလိုသည်။

၁၉။ စုဆောင်းငွေ ဆိုသည်မှာ၊ သ မ ဝါ ယ မ အသင်း သားက ဖြစ်စေ၊ အသင်းဝင်ကဖြစ်စေ ၎င်း၏ဆန္ဒအလျောက်၊ အသင်းတွင်အပ်နှံသောငွေများကိုဆိုလိုသည်။

၂၀။ စာရင်းများ ဆိုသည်မှာ၊ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားစာများအရ၊ ၎င်းအပြင် သမဝါယမအသင်း၏ ဆုံးဖြတ်ချက်များအရ၊ သတ်မှတ်သည့် စာရင်းစာအုပ်များ၊ စာရင်းဇယားများ၊ ပြေစာများ၊ ကုန်သွယ်စာရင်း၊ အရှုံးအမြတ်စာရင်း၊လက်ကျန်စာရင်းရှင်းတမ်း၊ တန် ဘိုး တွက် စာရင်းနှင့် တန်ဘိုးသုံးသပ်ချက်စာရင်းစသည်တို့ကို ဆိုလိုသည်။

၂၁။ စာရင်းစစ် ဆိုသည်မှာ၊ (၁) သ မ ဝါ ယ မ ဌာန အဆင့်ဆင့်၏ တာဝန်ရှိသောပုဂ္ဂိုလ်၊ သို့မဟုတ် အဖွဲ့၊ (၂) ပြည် ထောင် စု မြန်မာနိုင်ငံ စာရင်းစစ်ချုပ်ရုံး၊ ကူးသန်း ရောင်းဝယ်ရေး စာရင်းစစ်ဌာနနှင့် ၎င်း၏ရုံးအဆင့်ဆင့်က တာဝန်သတ်မှတ်သော ပုဂ္ဂိုလ်၊ သို့ မ ဟုတ် အ ဖွဲ့ နှင့် (၃) အစိုးရက အ ခါ အား လျော်စွာ သမဝါယမအသင်းများအား စာရင်းစစ်ဆေးရန် တာဝန်သတ်မှတ်သောပုဂ္ဂိုလ်၊ သို့မဟုတ်အဖွဲ့များကိုဆိုလိုသည်။

၂၂။ စာရင်းရှင်းတာဝန်ခံ ဆိုသည်မှာ၊ သမဝါယမ ညွှန်ကြားရေးဌာနက သမဝါယမအသင်းကို စာရင်းရှင်းလင်းရန်အမိန့်ချမှတ်ပြီးနောက်၊ စာရင်းရှင်းလင်းသည့် တာဝန်ကိုဆောင်ရွက်ရန် ခန့်ထားသော ပုဂ္ဂိုလ်၊ သို့မဟုတ်အဖွဲ့ကိုဆိုလိုသည်။

၂၃။ ပစ္စည်း ဆိုသည်မှာ၊ အောက်တွင်ဖော်ပြသည့်အတိုင်းဖြစ်သည်

(၁) မရွှေ့ပြောင်းနိုင်သော သက်မဲ့ပစ္စည်း။

(၂) ရွှေ့ပြောင်းနိုင်သော သက်မဲ့ပစ္စည်း။

(၃) တိရစ္ဆာန်။

(၄) ဘဏ္ဍာငွေ။

(၂) ဤဥပဒေတွင်ဖော်ပြသောစကားရပ်များ၏ အဓိပ္ပါယ်ကောက်ယူချက်နှင့် စပ်လျဉ်း၍၊ ဤကိစ္စအလို့ငှါ အစိုးရကခန့်ထားသည့်အဖွဲ့၏ဆုံးဖြတ်ချက်သည်၊ အပြီးအပြတ်အတည်ဖြစ်စေရမည်။

## အခန်း ၂

## သမဝါယမအသင်းများ၏ ဦးတည်ချက်၊ လုပ်ငန်းသဘောနှင့်ဖွဲ့စည်းပုံသဘော

**ဦးတည်ချက်။**

၃။ ။(၁) သမဝါယမအသင်းများသည်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက ချမှတ်သော ဆိုရှယ်လစ်စံနစ်သို့ ဦးတည်ကြရမည်။

(၂) သမဝါယမ အသင်းများသည်၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် ပါတီ၏ လက်အောက်ခံဖြစ်သော၊ နိုင်ငံရေးအဖွဲ့အစည်းများလုံးဝမဟုတ်၊ သို့ရာတွင်၎င်းတို့သည်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ လမ်းညွှန်မှုကိုခံယူကြရမည်။

(၃) သမဝါယမ အသင်းများသည်၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် ပါတီ၏ လမ်းစဉ်နှင့်မူအရ၊ အစိုးရက အခါအားလျော်စွာ သတ်မှတ်သောစီးပွါးရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဘောင်များအတွင်း၌သာလျှင် ဆောင်ရွက်ကြရမည်။

**လုပ်ငန်းသဘော။**

၄။ ။(၁) သမဝါယမအသင်းများသည်၊ စီးပွါးရေးလုပ်ငန်းများကိုသာ အဓိကလုပ်ဆောင်သည့် အဖွဲ့အစည်းများဖြစ်ကြရမည်။

(၂) သမဝါယမအသင်းများသည်၊ ပြည်သူပိုင်စီးပွါးရေးစံနစ်နှင့် သမဝါယမပိုင် စီးပွါးရေးစံနစ်ကိုသာ အကျိုးပြုကြရမည်၊ ပုဂ္ဂလိကပိုင်စီးပွါးရေးစံနစ်ကို အကျိုးမပြုကြရ။

(၃) သမဝါယမအသင်းများသည်၊ မတရားစီးပွါးရှာသည့် လုပ်ငန်းများကို လုပ်ဆောင်ခြင်းမပြုကြရ။

(၄) သမဝါယမအသင်းများသည်၊ အကျိုးငွေရရှိရေးတခုတည်းကိုသာ အဓိက ရှေးရှု၍လုပ်ဆောင်ခြင်းမပြုကြရ။

(၅) သမဝါယမအသင်းများသည်၊ အစိုးရ၏လုပ်ငန်းစဉ်နှင့် ကိုက်ညီသည့်အပြင်၊ ၎င်းတို့၏စီးပွါးရေးကိုလည်းအကျိုးပြုသော လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းများကို၊ ၎င်းတို့၏အသင်းနယ်နိမိတ်အတွင်း၌ဖြစ်စေ၊ သို့မဟုတ် အစိုးရက အခါအားလျော်စွာ သတ်မှတ်သောဒေသ၌ ဖြစ်စေ လုပ်ဆောင်နိုင်သည်။

ဖွဲ့စည်းပုံသဘော။

၅။ ။(၁) သမဝါယမအသင်းများတွင်၊ အသင်းသားနှင့် အသင်းဝင်များသည်၊ ၎င်းတို့၏ဆန္ဒအလျောက်သာ ပါဝင်ရမည်။

(၂) သမဝါယမအသင်း သား များ၊ သို့မဟုတ် အသင်းဝင်များသည်၊ အသင်းနှင့်ပတ်သက်သည့် စီးပွါးရေးကဏ္ဍတွင်၊ သတ်မှတ်သည့်အတိုင်း ပါဝင် လုပ်ဆောင်လျက်ရှိသူများ ဖြစ်ကြရမည်။

(၃) သမဝါယမအသင်းများသည်၊ ၎င်းတို့၏ အသင်းသားနှင့် အသင်းဝင်များ၏ အကျိုးစီးပွါးအတွက် ၎င်းတို့၏လုပ်အားနှင့် ကိုယ်ပိုင်ပစ္စည်းများအပေါ်တွင် အဓိကအခြေခံ၍၊ ၎င်းတို့အချင်းချင်း ပူးပေါင်းစီမံခန့်ခွဲလုပ်ဆောင်သည့် အဖွဲ့အစည်းများ ဖြစ်ကြရမည်။

## အခန်း ၃

## သမဝါယမအသင်းများကို ဖွဲ့စည်းခြင်းနှင့် မှတ်ပုံတင်ခြင်း

အသင်းအဆင့်ဆင့်။

၆။ ။သမဝါယမအသင်းအဆင့်ဆင့်ကို၊ ယေဘုယျအားဖြင့် အောက်တွင် ဖေါ်ပြသည့်အတိုင်း သတ်မှတ်နိုင်သည်။

(၁) အခြေခံ သမဝါယမအသင်း။

(၂) မြို့နယ်သမဝါယမအသင်း။

(၃) ဗဟိုသမဝါယမအသင်း။

ဖွဲ့စည်းခြင်း။

၇။ ။(၁) အခြေခံ သမဝါယမအသင်းကို၊ အသင်းတွင် ပါဝင်လိုသူများက စီးပွါးရေးလုပ်ငန်းသဘောအရ၊ ၎င်းတို့ အလုပ် လုပ်ကိုင်နေသော လုပ်ငန်းဌာန၌ဖြစ်စေ၊ ၎င်းတို့နေထိုင်လုပ်ဆောင်လျက်ရှိသော ဒေသ၌ဖြစ်စေ နယ်နိမိတ် သတ်မှတ်၍ ဖွဲ့စည်းနိုင်သည်။

(၂) မြို့နယ်သမဝါယမအသင်းကို၊ အစိုးရက အုပ်ချုပ်ရေးအတွက် သတ်မှတ်သော မြို့နယ်အတွင်းဖြစ်စေ၊ သမဝါယမလုပ်ငန်းအတွက် သီးခြားသတ်မှတ်သော နယ်နိမိတ်အတွင်းဖြစ်စေ တည်ရှိလုပ်ကိုင်နေသော အခြေခံ သမဝါယမအသင်းများက၊ စုပေါင်းပါဝင်၍ ဖွဲ့စည်းနိုင်သည်။

(၃) ဗဟိုသမဝါယမအသင်းကို၊ မြို့နယ်သမဝါယမအသင်းများက၊ စုပေါင်းပါဝင်၍ ဖွဲ့စည်းနိုင်သည်။

(၄) စီးပွါးရေးလုပ်ငန်းအရသော်လည်းကောင်း၊ ဒေသအခြေ အနေ အရ သော်လည်းကောင်း အခါအားလျော်စွာလိုအပ်ပါက၊ ဖွဲ့စည်းပြီးဖြစ်သော သမဝါယမအသင်းတသင်းကို၊ ခွဲစိတ်၍ သီးခြားသမဝါယမအသင်းများအဖြစ် ဖွဲ့စည်းနိုင်သည်။ ဖွဲ့စည်းပြီးသော အခြေခံသမဝါယမအသင်းများကိုလည်း၊ ပူးပေါင်း၍ဖွဲ့စည်းနိုင်သည်။

(၅) မြို့နယ်တခုအတွင်း အခြေခံ သမဝါယမအသင်းအချို့သည်၊ အကြောင်းအားလျော်စွာ၊ စီးပွါးရေးလုပ်ငန်းများကို ပူးပေါင်း၍ လုပ်ကိုင်ရန်လိုလျှင်၊ အစိုးရ၏ ခွင့်ပြုချက်အရ၊ အခြေခံ သမဝါယမအသင်းစုကို ယာယီဖွဲ့စည်းနိုင်သည်။ ထိုနည်းတူစွာ မြို့နယ်သမဝါယမအသင်းအချို့သည်၊ အကြောင်းအားလျော်စွာ စီးပွါးရေး လုပ်ငန်းများကို ပူးပေါင်း၍ လုပ်ကိုင်ရန်လိုလျှင်၊ အစိုးရ၏ ခွင့်ပြုချက်အရ မြို့နယ်သမဝါယမအသင်းစုကို ယာယီဖွဲ့စည်းနိုင်သည်။

၈။ ။ဤဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေများနှင့်အညီ၊ ဖွဲ့စည်းထားသော သမဝါယမအသင်းများသည်၊ ဤဥပဒေများအရ၊ သတ်မှတ်သောဌာနများတွင် မှတ်ပုံတင်ကြရမည်။

မှတ်ပုံတင်ခြင်း။

ဤကဲ့သို့ မှတ်ပုံတင်ပြီးမှသာလျှင်၊ တရားဝင် အသင်းများအဖြစ် တည်ရှိနိုင်ခွင့်ရှိသည်။

## အခန်း ၄

## သမဝါယမအသင်း၊ ကောင်စီ၊ အမှုဆောင်ကော်မီတီ၊ အခြား ကော်မီတီနှင့် လုပ်ငန်းအဖွဲ့များ

၉။ ။(၁) အခြေခံ သမဝါယမအသင်း၏ အမြင့်ဆုံးတာဝန်ရှိသော အဖွဲ့သည်၊ ၎င်းအသင်း၏ သင်းလုံးကျွတ်အစည်းအဝေး ဖြစ်သည်။

ကောင်စီနှင့် အမှုဆောင် ကော်မီတီများ။

(၂) မြို့နယ်သမဝါယမအသင်း၏ အမြင့်ဆုံး တာဝန်ရှိသောအဖွဲ့သည်၊ ၎င်းအသင်း၏ ကောင်စီဖြစ်သည်။

(၃) ဗဟိုသမဝါယမအသင်း၏ အမြင့်ဆုံး တာဝန်ရှိသော အဖွဲ့သည်၊ ၎င်းအသင်း၏ ကောင်စီဖြစ်သည်။

(၄) အခြေခံ သမဝါယမအသင်း၏ သင်းလုံးကျွတ်အစည်းအဝေးက ရွေးချယ်သော အမှုဆောင်ကော်မီတီ၊ မြို့နယ်သမဝါယမအသင်း၏ ကောင်စီက ရွေးချယ်သော အမှုဆောင်ကော်မီတီနှင့် ဗဟိုသမဝါယမအသင်း၏ ကောင်စီက ရွေးချယ်

သော အမှုဆောင်ကော်မီတီတို့သည်၊ သက်ဆိုင်ရာအသင်းများနှင့် ကောင်စီများ၏ နေ့စဉ်လုပ်ငန်းများကို စီမံခန့်ခွဲသည့် အဖွဲ့များ ဖြစ်ကြသည်။

**အခြေခံ သမဝါယမ အသင်း၏ သင်းလုံးကျွတ် အစည်းအဝေး၊ အမှုဆောင် ကော်မီတီ၊ အခြား ကော်မီတီနှင့် လုပ်ငန်းအဖွဲ့များ။**

၁၀။ ။(၁) အခြေခံ သမဝါယမအသင်း၏ သင်းလုံးကျွတ်အစည်းအဝေးက၊ အသင်းသားများအထဲမှ အမှုဆောင်ကော်မီတီဝင်များကို ရွေးချယ်ရမည်။

(၂) အမှုဆောင်ကော်မီတီဝင်များသည်၊ ၎င်းတို့အထဲမှ အောက်တွင် ဖေါ်ပြသော အသင်းလုပ်ငန်း တာဝန်ခံများကို ရွေးချယ်ကြရမည်။

၁။ ဥက္ကဋ္ဌ ..... ၁ ဦး။
၂။ ဒုတိယဥက္ကဋ္ဌ .... လိုသည့်ဦးရေ။
၃။ အတွင်းရေးမှူး ..... ၁ ဦး။
၄။ တွဲဘက်အတွင်းရေးမှူး .... လိုသည့်ဦးရေ။

(၃) အမှုဆောင်ကော်မီတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် တွဲဘက်အတွင်းရေးမှူးများသည် အသင်း၏ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် တွဲဘက်အတွင်းရေးမှူးများလည်း ဖြစ်ကြရမည်။

(၄) အမှုဆောင်ကော်မီတီသည်၊ အသင်း၏ လုပ်ငန်းအတွက် လိုအပ်သည့် အခြားကော်မီတီများနှင့် လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းနိုင်သည်။

**မြို့နယ်သမဝါယမ အသင်း၏ ကောင်စီ၊ အမှုဆောင်ကော်မီတီ၊ အခြားကော်မီတီနှင့် လုပ်ငန်းအဖွဲ့များ။**

၁၁။ ။(၁) မြို့နယ်သမဝါယမအသင်း၏ ကောင်စီကို၊ မြို့နယ်သမဝါယမအသင်းတွင် ပါဝင်သော အခြေခံ သမဝါယမအသင်းများ၏ ကိုယ်စားလှယ် တဦးကျစီ ပါဝင်၍ ဖွဲ့စည်းရမည်။

(၂) အခြေခံ သမဝါယမအသင်းသည်၊ ၎င်း၏ ဥက္ကဋ္ဌကိုဖြစ်စေ၊ သို့မဟုတ် အသင်း၏ သင်းလုံးကျွတ် အစည်းအဝေးက ရွေးချယ်သော ကိုယ်စားလှယ်တဦးကို ဖြစ်စေ မြို့နယ်သမဝါယမအသင်း၏ ကောင်စီဝင် အဖြစ် ခန့်အပ်ရမည်။

(၃) မြို့နယ် သမဝါယမအသင်း၏ ကောင်စီဝင်များသည်၊ ၎င်းတို့အထဲမှ အောက်တွင်ဖေါ်ပြသော အသင်းလုပ်ငန်းတာဝန်ခံများကို ရွေးချယ်ကြရမည်။

၁။ ဥက္ကဋ္ဌ .... .... .... ၁ ဦး။
၂။ ဒုတိယဥက္ကဋ္ဌ .... .... လိုသည့်ဦးရေ။
၃။ အတွင်းရေးမှူး .... .... ၁ ဦး။
၄။ တွဲဘက်အတွင်းရေးမှူး .... .... လိုသည့်ဦးရေ။

(၄) မြို့နယ်သမဝါယမအသင်း၏ ကောင်စီဝင်များသည်၊ ၎င်းတို့အထဲမှ အမှုဆောင် ကော်မီတီဝင်များကို ရွေးချယ်ကြရမည်။ မြို့နယ် သမဝါယမအသင်း၏ ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် တွဲဘက်အတွင်းရေးမှူးများသည်၊ အလိုအလျောက် အမှုဆောင်ကော်မီတီဝင်များ ဖြစ်ကြရမည့်အပြင်၊ အမှုဆောင် ကော်မီတီ၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် တွဲဘက်အတွင်းရေးမှူးများ လည်း ဖြစ်ကြရမည်။

(၅) အမှုဆောင်ကော်မီတီသည်၊ အသင်း၏လုပ်ငန်းအတွက် လိုသည့်အခြား ကော်မီတီများနှင့် လုပ်ငန်းအဖွဲ့ များကိုဖွဲ့စည်းနိုင်သည်။

(၆) မြို့နယ်သမဝါယမအသင်း အမှုဆောင်ကော်မီတီဝင်၊ အခြား ကော်မီတီ ဝင်နှင့် လုပ်ငန်းအဖွဲ့ဝင်များသည်၊ အခြေခံ သမဝါယမအသင်းများတွင် အမှုဆောင် ကော်မီတီဝင်၊ အခြားကော်မီတီဝင်နှင့် လုပ်ငန်းအဖွဲ့ဝင်များဖြစ်ကြလျှင်၊ သက်ဆိုင်ရာ အခြေခံသမဝါယမအသင်းများသည်၊ ၎င်းတို့၏သမဝါယမအသင်းသားများအနက်၊ သင့်တော်သော ပုဂ္ဂိုလ်များကို၊ ထပ်မံရွေးချယ်၍၊ အမှုဆောင် ကော်မီတီဝင်၊ အခြားကော်မီတီဝင်နှင့် လုပ်ငန်းအဖွဲ့ဝင်များအဖြစ် ခန့်ထားကြရမည်။

ဗဟို သမဝါယမ အသင်း၏ ကောင်စီ၊ အမှုဆောင် ကော်မီတီ၊ အခြား ကော်မီတီနှင့် လုပ်ငန်း အဖွဲ့များ။

၁၂။ ။(၁) ဗဟိုသမဝါယမအသင်း၏ ကောင်စီကို၊ ဗဟိုသမဝါယမ အသင်းဝင်ဖြစ်၍ ပါဝင်သော မြို့နယ်သမဝါယမအသင်း၏ ကောင်စီများထဲမှ အမြဲတန်း ကိုယ်စားလှယ်တဦးကျစီနှင့် အရံကိုယ်စားလှယ်တဦးကျစီ ပါဝင်၍ ဖွဲ့စည်းရမည်။

(၂) မြို့နယ် သမဝါယမအသင်း၏ ကောင်စီသည်၊ ၎င်း၏ ဥက္ကဋ္ဌကိုဖြစ်စေ၊ သို့မဟုတ် ကောင်စီ အစည်းအဝေးက ရွေးချယ်သော ကိုယ်စားလှယ် တဦးကိုဖြစ်စေ အမြဲတန်းဗဟိုသမဝါယမအသင်း၏ ကောင်စီဝင်အဖြစ်သော်၎င်း၊ အခြား ကိုယ်စား လှယ်တဦးကို အရံဗဟိုသမဝါယမအသင်း၏ ကောင်စီဝင်အဖြစ်သော်၎င်း ခန့်အပ် ရမည်။

(၃) ဗဟိုသမဝါယမအသင်း၏ ကောင်စီဝင်များသည်၊ ၎င်းတို့အထဲမှ အောက်တွင်ဖော်ပြသော အသင်းလုပ်ငန်းတာဝန်ခံများကို ရွေးချယ်ကြရမည်။

| | | |
|---|---|---|
| ၁။ ဥက္ကဋ္ဌ.... | .... | .... ၁ ဦး။ |
| ၂။ ဒုတိယဥက္ကဋ္ဌ | .... | .... လိုသည့်ဦးရေ။ |
| ၃။ အတွင်းရေးမှူး | .... | .... ၁ ဦး။ |
| ၄။ တွဲဘက်အတွင်းရေးမှူး | .... | .... လိုသည့်ဦးရေ။ |

(၄) ဗဟိုသမဝါယမအသင်း၏ ကောင်စီဝင်များသည်၊ ၎င်းတို့အထဲမှ အမှုဆောင်ကော်မီတီဝင်များကို ရွေးချယ်ရမည်။ ဗဟိုသမဝါယမအသင်း၏ ကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် တွဲဘက် အတွင်းရေးမှူး များသည်၊ အလိုအလျောက် အမှုဆောင်ကော်မီတီဝင်များဖြစ်ကြရမည့်အပြင်၊အမှုဆောင်ကော် မီတီ၏ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် တွဲဘက် အတွင်းရေးမှူးများ လည်းဖြစ်ကြရမည်။

(၅) အမှုဆောင်ကော်မီတီသည်၊ အသင်း၏လုပ်ငန်းအတွက် လိုသည့်အခြားကော်မီတီနှင့် လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းနိုင်သည်။

(၆) ဗဟိုသမဝါယမအသင်း အမှုဆောင်ကော်မီတီဝင်၊ အခြားကော်မီတီဝင်နှင့် လုပ်ငန်း အဖွဲ့ဝင်များသည်၊ မြို့နယ်သမဝါယမ အသင်းများတွင် အမှုဆောင်ကော်မီတီ ဝင်၊ အခြားကော်မီတီဝင်နှင့် လုပ်ငန်းအဖွဲ့ဝင်များဖြစ်ကြလျှင်၊သက်ဆိုင်ရာမြို့နယ်သမဝါယမအသင်း၏ကောင်စီများသည်၊ ၎င်းတို့၏ကောင်စီဝင်များအနက်၊ သင့်တော်သောပုဂ္ဂိုလ်များကို ထပ်မံရွေးချယ်၍၊ အမှုဆောင်ကော်မီတီဝင်၊ အခြားကော်မီတီဝင်နှင့် လုပ်ငန်းအဖွဲ့ဝင်များအဖြစ် ခန့်ထားကြရမည်။

**အသင်းစုအမှုဆောင်ကော်မီတီများ။**

၁၃။ ။(၁) အခြေခံသမဝါယမ အသင်းစုကိုဖြစ်စေ၊ မြို့နယ်သမဝါယမ အသင်းစုကိုဖြစ်စေ ဖွဲ့စည်းသည့်အခါ၊ အသင်းစုအမှုဆောင်ကော်မီတီတခုကို ဖွဲ့စည်းရမည်။

(၂) အသင်းစုအမှုဆောင်ကော်မီတီတွင် အသင်းစု၌ ပါဝင်သော အခြေခံသမဝါယမအသင်းများ၊သို့မဟုတ် မြို့နယ်သမဝါယမအသင်းများ၏ ကိုယ်စားလှယ်များသည် အရေအတွက် ညီတူညီမျှပါဝင်ရမည်။

(၃) အသင်းစု အမှုဆောင်ကော်မီတီဝင်များသည်၊ ၎င်းတို့အထဲမှ အောက်တွင်ဖော်ပြသော အသင်းလုပ်ငန်းတာဝန်များကို ရွေးချယ်ကြရမည်။

၁။ ဥက္ကဋ္ဌ .... .... .... ၁ ဦး။

၂။ ဒုတိယဥက္ကဋ္ဌ .... .... လိုသည့်ဦးရေ။

၃။ အတွင်းရေးမှူး .... .... ၁ ဦး။

၄။ တွဲဘက်အတွင်းရေးမှူး .... .... လိုသည့်ဦးရေ။

(၄) အသင်းစုအမှုဆောင်ကော်မီတီသည်၊ အသင်းစု၏ လုပ်ငန်းအတွက် လိုသည့်အခြားကော်မီတီများနှင့် လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းနိုင်သည်။

(၅) အသင်းစုအမှုဆောင်ကော်မီတီဝင်၊ အခြားကော်မီတီဝင်နှင့် လုပ်ငန်းအဖွဲ့ဝင်များသည်၊ အခြေခံသမဝါယမအသင်း၊ သို့မဟုတ် မြို့နယ်သမဝါယမအသင်းများတွင် အမှုဆောင်ကော်မီတီဝင်၊ အခြားကော်မီတီဝင်နှင့် လုပ်ငန်းအဖွဲ့ဝင်များဖြစ်ကြလျှင် သက်ဆိုင်ရာ အခြေခံသမဝါယမအသင်း၊ သို့မဟုတ် မြို့နယ်သမဝါယမအသင်းများသည်၊ အသင်းသားများ၊ သို့မဟုတ် ကောင်စီဝင်များအနက် သင့်တော်သော ပုဂ္ဂိုလ်များကို ထပ်မံရွေးချယ်၍ အမှုဆောင်ကော်မီတီဝင်၊ အခြားကော်မီတီဝင်နှင့် လုပ်ငန်းအဖွဲ့ဝင်များအဖြစ် ခန့်ထားကြရမည်။

**အစိုးရကခန့်ထားနိုင်ခွင့်။**

၁၄။ ။(၁) အစိုးရသည်၊ သမဝါယမအသင်း အဆင့်ဆင့်၏ ကောင်စီနှင့် အမှုဆောင် ကော်မီတီများတွင် ကောင်စီဝင်နှင့် အမှုဆောင် ကော်မီတီဝင် အားလုံးကိုသော်လည်းကောင်း၊ သင့်တော်သည့် အချိုးကျကိုသော်လည်းကောင်း ခန့်ထားနိုင်သည်။

(၂) အစိုးရသည်၊ သမဝါယမအသင်း အဆင့်ဆင့်၏ ကောင်စီဝင်နှင့် အမှုဆောင်ကော်မီတီဝင်များကို၊ အကြောင်းအားလျော်စွာထုတ်ပယ်၍၊ အသစ်ရွေးချယ်ခန့်အပ်ရန် စီစဉ်နိုင်သည်။

၁၅။ ။အစိုးရသည်၊ သမဝါယမ အသင်းအဆင့်ဆင့်၏ ကောင်စီနှင့်အမှုဆောင်ကော်မီတီများ၏ သက်တမ်းကို၊ အခါအားလျော်စွာသတ်မှတ်ရမည်။

ကောင်စီနှင့်အမှုဆောင်ကော်မီတီများ၏ သက်တမ်း။

## အခန်း ၅

### သမဝါယမ အသင်းများ၏ အစည်းအဝေးများ

၁၆။ ။သမဝါယမ အသင်းများသည်၊ သင်းလုံးကျွတ်အစည်းအဝေးများနှင့် ကောင်စီအစည်းအဝေးများကို၊ အောက်တွင်ဖော်ပြသည့်အတိုင်း ပြုလုပ်ကြရမည်။

သင်းလုံးကျွတ်အစည်းအဝေးများနှင့် ကောင်စီအစည်းအဝေးများ။

(၁) ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီး ၃ လအတွင်း ပြုလုပ်ရမည်။ ထို့အပြင်၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေနှင့် စည်းကမ်းဥပဒေများတွင် ပြဋ္ဌာန်းသည့် အတိုင်းပြုလုပ်ကြရမည်။

(၂) အစည်းအဝေးများ၌ အောက်တွင် ဖော်ပြသည့် ကိစ္စများကို ဆောင်ရွက်ကြရမည်။

၁။ ကုန်လွန်ပြီးသည့်နှစ်၏ ကုန်ထုတ်စာရင်း၊ ကုန်သွယ်စာရင်း၊ အရှုံးအမြတ်စာရင်း၊ လက်ကျန်စာရင်းရှင်းတမ်း၊ အခြားစာရင်းအင်းများနှင့် နှစ်ပတ်လည်အစီရင်ခံစာများကို တင်ပြဆွေးနွေးဆုံးဖြတ်ကြရမည်။

၂။ လာမည့်နှစ်အတွက် လုပ်ငန်းအစီစဉ်များကို တင်ပြဆွေးနွေးဆုံးဖြတ်ကြရမည်။

၃။ သက်တမ်း ကုန်ဆုံးသည့် ကောင်စီဝင်များနှင့် အမှုဆောင်ကော်မီတီဝင်များ၏ နေရာတွင် ကောင်စီဝင်နှင့် အမှုဆောင်ကော်မီတီဝင်အသစ်များကို ရွေးချယ်ခန့်အပ်ကြရမည်။

၄။ သမဝါယမ အသင်းများ၏ အခြားအရေးကြီးသော ကိစ္စများကို၊ အစည်းအဝေး အစီအစဉ်တွင် တင်ပြ၍၊ ဆွေးနွေးဆုံးဖြတ်ကြရမည်။

အမှုဆောင်ကော်မီတီ အစည်းအဝေးများ။

၁၇။ ။သမဝါယမအသင်း အဆင့်ဆင့်၏ အမှုဆောင် ကော်မီတီများ၏ အစည်းအဝေးများကို၊ နည်းဥပဒေ၊ စည်းမျဉ်း ဥပဒေနှင့် စည်းကမ်း ဥပဒေများတွင် သတ်မှတ်သည့်အတိုင်း ပြုလုပ်ရမည်။

အခြား ကော်မီတီနှင့် လုပ်ငန်းအဖွဲ့ အစည်း အဝေးများ။

၁၈။ ။သမဝါယမအသင်းများ၏ အခြားကော်မီတီများနှင့် လုပ်ငန်းအဖွဲ့များ၏ အစည်းအဝေးများကို၊ သက်ဆိုင်ရာ အမှုဆောင် ကော်မီတီများက သတ်မှတ်သည့်အတိုင်း ပြုလုပ်ကြရမည်။

## အခန်း ၆

## သမဝါယမအသင်းများ၏ ဘဏ္ဍာရေး

အသင်းပိုင်ဘဏ္ဍာငွေများ။

၁၉။ ။(၁) သမဝါယမ အသင်းများသည်၊ မိမိပိုင်ဘဏ္ဍာငွေများ အပေါ်တွင်သာ ရပ်တည်သောအဖွဲ့အစည်းများ ဖြစ်ကြသည်။

(၂) သမဝါယမအသင်းများသည်၊ ပုဂ္ဂလိက ငွေပင်ငွေရင်းများကို လုံးဝလက်မခံရ။ သို့ရာတွင် ငွေစုငွေချေး သမဝါယမအသင်းသည်၊ အသင်းသားများ၏ စုဆောင်းငွေကို သတ်မှတ်သည့်အကန့်အသတ်အတွင်း လက်ခံနိုင်သည်။

မ,တည်ရင်းနှီးငွေ။

၂၀။ ။(၁) သမဝါယမ အသင်းများ၏ မ,တည် ရင်းနှီးငွေများတွင် အောက်တွင်ဖော်ပြသည့်ငွေများပါဝင်သည်။

၁။ အသင်းသားများ၊ အသင်းဝင်များ၏ အစုငွေနှင့် အခြားထည့်ဝင်ငွေ။

၂။ အသင်းသားများ၊ အသင်းဝင်များ၏ စုဆောင်းငွေ။

၃။ လုပ်ငန်းများမှရရှိသောအကျိုးငွေ။

(၂) သမဝါယမ အသင်းများသည်၊ အစိုးရ၏ အဖွဲ့အစည်းများထံမှ လုပ်ငန်းတခုခုအတွက်စရံငွေ၊ သို့မဟုတ် ကြိုတင်ထုတ်ပေးငွေများကို ရယူနိုင်သည်။

(၃) သမဝါယမ အသင်းများသည်၊ ပြည်သူ့ဘဏ်မှ ငွေများကိုချေးယူနိုင်သည်။

ရံပုံငွေများ။

၂၁။ ။သမဝါယမ အသင်းများသည်၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ ညွှန်ကြားစာများအရ၊ ရံပုံငွေများကို သတ်မှတ်သော ရံပုံငွေခေါင်းစဉ်များဖြင့်၊ သတ်မှတ်သည့်နှုန်းအတိုင်း ထားရှိကြရမည်။

၂၂။ **အကျိုးငွေ။** ။သမဝါယမအသင်းများသည်၊ အကျိုးငွေရရှိရေး တခုတည်းကိုသာ ပဓါနမထားသော်လည်း၊ အသင်း၏ဘဏ္ဍာကို ဆုတ်ယုတ်ခြင်းမရှိရန်၊ လုပ်ငန်းများအတွက် ငွေပင်ငွေရင်း ဖူလုံနိုင်ရန်နှင့် ကုန်ကျစရိတ်ကာမိနိုင်ရန်၊ အကျိုးငွေရရှိအောင် မျှော်မှန်းလုပ်ဆောင်ကြရမည်။

၂၃။ **အကျိုးဝေစုခွဲဝေရေး။** ။သမဝါယမအသင်းများသည်၊ သင်းလုံးကျွတ် အစည်းအဝေးများ၊ ကောင်စီအစည်းအဝေးများ၏ ဆုံးဖြတ်ချက်၊ အစိုးရ၏ သဘောတူညီချက်ဖြင့် အသင်း၏အသားတင် အကျိုးငွေများကို၊ အောက်တွင်ဖေါ်ပြသည့်အတိုင်းခွဲဝေနိုင်သည်။

(၁) အသင်းသားနှင့်အသင်းဝင်များ၏ အစုများအပေါ်တွင် အစိုးရက သတ်မှတ်သည့် နှုန်းအရ၊ အကျိုးဝေစုခွဲဝေခြင်း။

(၂) အသင်း၏အလုပ်သမားများအား အစိုးရက သတ်မှတ်သည့်နှုန်းအရ၊ ဆုငွေများကိုချီးမြှင့်ခြင်း။

(၃) အသင်းသားနှင့်အသင်းဝင်များ၏ အားပေးမှု၊ အချိုးအစားအလိုက် အစိုးရက သတ်မှတ်သည့်နှုန်းထားအရ၊ပြန်အမ်းငွေကို ခွဲဝေခြင်း။

## အခန်း ၇

## သမဝါယမအသင်းများ၏လုပ်ငန်းများ

၂၄။ **စီးပွါးရေးလုပ်ငန်းများ။** ။(၁) သမဝါယမအသင်းများသည်၊ အစိုးရက အခါကာလအား လျော်စွာ သတ်မှတ်သော အဓိကစီးပွါးရေး လုပ်ငန်းအပေါ်တွင်မူတည်၍၊ အသင်းအမျိုးအစား တခုခုအဖြစ် မှတ်ပုံတင်ကြရမည်။

(၂) သမဝါယမအသင်းများသည်၊ မှတ်ပုံတင်သည့် အမျိုးအစားအလိုက် အစိုးရကသတ်မှတ်သော စီးပွါးရေးလုပ်ငန်းများကို၊ သတ်မှတ်သော နယ်နိမိတ်အတွင်း လုပ်ဆောင်ကြရမည်။

(၃) သမဓါယမအသင်းများသည်၊ ၎င်းတို့လုပ်ဆောင်သည့် စီးပွါးရေးလုပ်ငန်းများတွင် အစိုးရက အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားစာများကို လိုက်နာကြရမည်။

၂၅။ **လူမှုရေးလုပ်ငန်းများ။** ။သမဝါယမအသင်းများသည်၊ အသင်း သားများ၊ အသင်း ဝန်ထမ်းများနှင့် ၎င်းတို့၏ အိမ်ထောင်သားစုများအတွက် သင့်လျော်သော လူမှုရေး ‘ပုပ်ငန်းများကို အစိုးရ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။

**ပညာပေးရေး။**

၂၆။ ။သမဝါယမ အသင်းများသည်၊ အစိုးရ၏ ညွှန်ကြားမှုဖြင့် အသင်းသားများနှင့် အသင်း ဝန်ထမ်းများအား၊ အောက်တွင် ဖော်ပြသော ပညာရပ်များကို သင်ကြားပေးရမည်။

(၁) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဆိုရှယ်လစ် စီးပွါးရေးပညာ။

(၂) သမဝါယမပညာ။

(၃) စီးပွါးရေးလုပ်ငန်းပညာ။

(၄) စာရင်းအင်းပညာ။

**စည်းရုံးရေး။**

၂၇။ ။(၁) အခြေခံသမဝါယမအသင်းများသည်၊ အသင်းသားဖြစ်နိုင်သူတိုင်းအား အသင်းသား ဖြစ်အောင် မြို့နယ် သမဝါယမ အသင်းများသည်၊ အသင်းဝင် ဖြစ်နိုင်သည့် အခြေခံ သမဝါယမ အသင်းတိုင်းအား အသင်းဝင်ဖြစ်အောင် ဗဟိုသမဝါယမ အသင်းသည်၊ အသင်းဝင်ဖြစ်နိုင်သည့် မြို့နယ်သမဝါယမအသင်းတိုင်းအား အသင်းဝင်ဖြစ်အောင် စည်းရုံးကြရမည်။

(၂) သမဝါယမ အသင်းများသည်၊ အချင်းချင်း၊ ယိုင်းပင်း ကူညီကြရမည်။ ပူးပေါင်းလုပ်ဆောင်ကြရမည်။

(၃) သမဝါယမ အသင်းများသည်၊ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ ပြည်သူ့အလုပ်သမားကောင်စီ၊ ပြည်သူ့တောင်သူလယ်သမားကောင်စီ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဦးဆောင်မှုကို ခံယူသော အခြားအဖွဲ့အစည်းများနှင့် လိုသကဲ့သို့ ညှိနှိုင်း၍ ဆောင်ရွက်ကြရမည်။ လိုသည့်အကူအညီများကို တောင်းခံကြရမည်။

(၄) သမဝါယမ အသင်း များသည်၊ လုပ်ငန်း ဆောင်ရွက်ရာ၌ အစိုးရ၏ အဖွဲ့အစည်းများနှင့် သက်ဆိုင်သကဲ့သို့ ညှိနှိုင်း၍ သော်လည်းကောင်း၊ အကူအညီ တောင်းခံ၍သော်လည်းကောင်း လုပ်ဆောင်ကြရမည်။

(၅) အစိုးရသည်၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီက သတ်မှတ်သော မူများ၏ ဘောင်အတွင်း၊ သမဝါယမစိတ်ဓါတ်ကို တက်ကြွစေရန်၊ လှုပ်ရှားမှုအတွက် အသေးစိတ်မူများကို အခါအားလျော်စွာ သတ်မှတ်နိုင်သည်။

**စည်းကမ်းထိန်းသိမ်းရေး။**

၂၈။ ။သမဝါယမ အသင်းများသည်၊ အသင်းသားနှင့် အသင်းဝန်ထမ်းများက အောက်တွင် ဖော်ပြသော စည်းကမ်းများကို ထိန်းသိမ်းရန် သွန်သင်ကြရမည်။ စည်းကမ်းဖောက်ဖျက်မှုများ မရှိရန်အတွက် ကြီးကြပ်ကွပ်ကဲကြရမည်။

(၁) ဤဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားစာများ၏ ပြဋ္ဌာန်းချက်များ။

(၂) မြန်မာ့ဆိုရှယ်လစ် စီးပွါးရေးနှင့် ပတ်သက်သည့် ပြဋ္ဌာန်းချက်များ။

(၃) နိုင်ငံ၏ အခြားတရားဥပဒေပြဋ္ဌာန်းချက်များ။

(၄) ရပ်ရွာစည်းကမ်းပြဋ္ဌာန်းချက်များ။

## အခန်း ၈

## သမဝါယမအသင်းများ၏ စာရင်းအင်းများနှင့် စာရွက်စာတမ်းများ

**စာအုပ်များ၊ စာရွက်စာတမ်းများ။**

၂၉။ ။သမဝါယမ အသင်းများသည်၊ နည်းဥပဒေ၊ စည်းမျဉ်း ဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားစာများနှင့်အညီ၊ အောက်တွင် ဖေါ်ပြသည့် စာအုပ်၊ စာရွက်စာတမ်းများကို ထားရှိကြရမည်။

(၁) စာအုပ်များ။

(၂) မှတ်တမ်းများ။

(၃) စာတွဲများ။

(၄) ငွေစာရင်း၊ ပစ္စည်းစာရင်း၊ လူစာရင်းစသည်များ။

(၅) တန်ဘိုးတွက်စာရင်းများနှင့် တန်ဘိုးသုံးသပ်ချက်စာရင်းများ။

(၆) အများနှင့် သက်ဆိုင်သည့် စာရင်းအင်းများ။

**ငွေစာရင်း၊ ပစ္စည်းစာရင်း ခေါင်းစဉ်များ။**

၃၀။ ။သမဝါယမ အသင်း များသည်၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားစာများနှင့်အညီ၊ ငွေစာရင်း ခေါင်းစဉ်များနှင့် ပစ္စည်းစာရင်း ခေါင်းစဉ်များကို ထားရှိကြရမည်။

**စာရင်းချုပ်များ၊**

၃၁။ ။သမဝါယမ အသင်းများသည်၊ နည်းဥပဒေ၊ စည်းမျဉ်း ဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားစာများနှင့်အညီ၊ သတ်မှတ်သည့်ကာလအတွက် သတ်မှတ်သည့် စာရင်းချုပ်နှင့် အစီရင်ခံစာများကို ပြုလုပ်၍ သတ်မှတ်သည့်ဌာနများသို့ တင်ပို့ကြရမည်။

**စာရင်းအင်းများ။**

၃၂။ ။သမဝါယမအသင်းများသည်၊ အသင်း၏ လုပ်ငန်းစီမံရေးအတွက် သမဝါယမ အသင်း ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားစာများအရ၊ စာရင်းအင်းများကို ပြုလုပ်ကြရမည်။

ရင်းစာရင်းအင်းများအရ၊ လုပ်ငန်းစီမံရေးကို လုပ်ဆောင်ကြရမည်။

## အခန်း ၉

## သမဝါယမအသင်းများအား ကြီးကြပ်ကွပ်ကဲရေး

**သမဝါယမအသင်းအတွင်း ကြီးကြပ်ကွပ်ကဲခြင်း။**

၃၃။ ။(၁) သမဝါယမအသင်း၏ ဝန်ထမ်းများအား အသင်း၏ သက်ဆိုင်ရာ လုပ်ငန်းကို၊ တာဝန်ခံလုပ်ကိုင်ရသူများက ကြီးကြပ်ကွပ်ကဲရမည်။

(၂) သမဝါယမအသင်းများ၏ လုပ်ငန်းများကို တာဝန်ခံလုပ်ကိုင်ရသူများအား သက်ဆိုင်ရာအခြားကော်မီတီ၊ သို့မဟုတ် လုပ်ငန်းအဖွဲ့က ကြီးကြပ်ကွပ်ကဲရမည်။

(၃) သမဝါယမအသင်းများ၏အခြားကော်မီတီများနှင့် လုပ်ငန်းအဖွဲ့များကို အမှုဆောင် ကော်မီတီက ကြီးကြပ်ကွပ်ကဲရမည်။

(၄) သမဝါယမ အသင်းများ၏ အမှုဆောင်ကော်မီတီများနှင့် လုပ်ငန်းအားလုံးကို သင်းလုံးကျွတ်အစည်းအဝေး၊ သို့မဟုတ် ကောင်စီများက ကြီးကြပ်ကွပ်ကဲရမည်။

**သမဝါယမ အသင်းအချင်းချင်း ကြီးကြပ်ကွပ်ကဲခြင်း။**

၃၄။ ။(၁) အခြေခံ သမဝါယမအသင်းများနှင့် အခြေခံသမဝါယမအသင်းစုများကို မြို့နယ်သမဝါယမအသင်းက ကြီးကြပ်ကွပ်ကဲရမည်။

(၂) မြို့နယ်သမဝါယမ အသင်းများနှင့် မြို့နယ်သမဝါယမ အသင်းစုများကို ဗဟိုသမဝါယမ အသင်းက ကြီးကြပ်ကွပ်ကဲရမည်။

**အစိုးရက ကြီးကြပ်ကွပ်ကဲခြင်း။**

၃၅။ ။အစိုးရသည်၊ သမဝါယမအသင်းအားလုံးကို ကြီးကြပ်ကွပ်ကဲရမည်။ အထူးသဖြင့် အောက်တွင် ဖော်ပြသည့် အချက်များကို ဆောင်ရွက်ရမည်။

(၁) သမဝါယမအသင်းများ၏ စည်းရုံးရေး၊ ပညာပေးရေး၊ စီးပွါးရေး၊ လူမှုရေးလုပ်ငန်းများ၊ စာရင်းအင်းများ၊ ပစ္စည်းများကိုစစ်ဆေးရမည်။ အရေးယူရန်ရှိသည်တို့ကို အရေးယူရမည်။ လိုသည့်အကြံဉာဏ်နှင့် အကူအညီများကို ပေးရမည်၊

(၂) သမဝါယမအသင်းများ၏ကောင်စီတရပ်လုံးကိုသော်လည်းကောင်း၊ အမှုဆောင် ကော်မီတီတရပ်လုံးကို သော်လည်းကောင်း၊ အခြားကော်မီတီတရပ်လုံးကို သော်လည်းကောင်း၊ လုပ်ငန်းအဖွဲ့တရပ်လုံးကို သော်လည်းကောင်း၊ ကောင်စီဝင်တဦးကို သော်လည်းကောင်း၊ အမှုဆောင်ကော်မီတီဝင် တဦးကိုသော်လည်းကောင်း၊ အခြားကော်မီတီဝင်တဦးကို သော်လည်းကောင်း၊ လုပ်ငန်းအဖွဲ့

ဝင်တဦးကို သော်လည်းကောင်း၊ ဝန်ထမ်းတဦးကို သော်လည်းကောင်း အကြောင်းအချက် ခိုင်လုံစွာရှိလျှင် အရေးယူနိုင်သည်၊ ထုတ်ပယ်နိုင်သည်၊ ၎င်းတို့၏နေရာတွင် အသစ်ရွေးချယ်ရန်စီစဉ်နိုင်သည်၊ သို့မဟုတ် အစားထိုး ခန့်ထားနိုင်သည်။

(၃) သမဝါယမ အသင်းသားတဦးအား အကြောင်းအချက်ခိုင်လုံလျှင်၊ အရေးယူနိုင်သည်၊ အသင်းမှထုတ်ပယ်နိုင်သည်။

(၄) အထက်ပုဒ်မခွဲ (၂) နှင့် (၃) အရ၊ အရေးယူခြင်းမပြုမီ သက်ဆိုင်သူများအား စွပ်စွဲချက်နှင့်စပ်လျဉ်း၍၊ ရှင်းလင်းချေပခွင့်ပေးရမည်။

## အခန်း ၁၀

### သမဝါယမအသင်းများ၏ တာဝန်နှင့် ရပိုင်ခွင့်များ

၃၆။ မည်သည့်အသင်းမဆို၊ ဤဥပဒေအရ၊ သမဝါယမအသင်းမှတ်ပုံတင်စာရင်းတွင် မှတ်ပုံတင်၍၊ မှတ်ပုံတင် အမှတ်ရရှိသောအခါမှသာလျှင်—

အသိအမှတ်ပြုပုံ။

(၁) သမဝါယမအသင်းဟူသော အမည်နာမကို အသုံးပြုနိုင်သည်။

(၂) သမဝါယမအသင်းများ၏ ရပိုင်ခွင့်များကိုရရှိမည်။

၃၇။ သမဝါယမအသင်းများသည်၊ သတ်မှတ်သည့် လုပ်ငန်းများအပြင်၊ အောက်တွင် ဖော်ပြသောတာဝန်များကို ထမ်းဆောင်ကြရမည်။

တာဝန်များ။

(၁) သမဝါယမအသင်း ဝန်ထမ်းများအား၊ အစိုးရဝန်ထမ်းများနည်းတူ အခြေခံရပိုင်ခွင့်များကို ပေးကြရမည်။

(၂) သမဝါယမအသင်းများသည်၊ ၎င်းတို့၏လုပ်ငန်းများကို ဆောင်ရွက်ရာ၌၊ တဖက်တွင် သမဝါယမအသင်းသားနှင့် အသင်းဝင်များ၏အကျိုးကိုကြည့်ရှု၍၊ အခြားတဖက်တွင် သမဝါယမအသင်းများတွင် မပါဝင်သူများ၏အကျိုးကို မထိခိုက်စေအောင်ဆောင်ရွက်ကြရမည်။

(၃) သမဝါယမအသင်းသားများနှင့် အသင်းသား မဟုတ်သူများအတွင်း ပူးပေါင်းလုပ်ကိုင်လိုစိတ် ပြန့်ပွါးအောင် ဆောင်ရွက်ကြရမည်။

(၄) ဆိုရှယ်လစ်စီးပွါးရေးစံနစ် အထမြောက်အောင်မြင်အောင် ဆောင်ရွက်ကြရမည်။

၃၇။ ရပိုင်ခွင့်များ။ ။(၁) သမဝါယမအသင်းများသည်၊ အောက်တွင်ဖော်ပြသောတာဝန်များမှ ကင်းလွတ်သည်။

၁။ မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေက ပြဋ္ဌာန်းသည့်တာဝန်များ။

၂။ မှတ်ပုံတင်အက်ဥပဒေအရ၊ စာချုပ်စာတမ်းများကို မှတ်ပုံတင်ရသည့်တာဝန်များ။

၃။ တံဆိပ်ခေါင်းခွန်အက်ဥပဒေအရ၊ စာချုပ်စာတမ်းများအတွက် တံဆိပ်ခေါင်းခွန်ပေးရသည့်တာဝန်များ။

(၂) သမဝါယမ အသင်းများသည်၊ အောက်တွင် ဖော်ပြသည့်အတိုင်းဆောင်ရွက်ပိုင်ခွင့်ရှိကြသည်။

၁။ ကိုယ်ပိုင်တံဆိပ်တခုဖြင့် တရားဝင် အဖွဲ့အစည်းအဖြစ် ဆောင်ရွက်ပိုင်ခွင့်။

၂။ စဉ်ဆက်မပြတ်ဆက်ခံနိုင်ခွင့်။

၃။ ပစ္စည်းများကို လက်ရှိထားပိုင်ခွင့်။

၄။ ပဋိညာဉ်စာချုပ်များကို ချုပ်ဆိုပိုင်ခွင့်။

၅။ တရားစွဲဆိုနိုင်ခွင့်နှင့် ခုခံချေပနိုင်ခွင့်။

၆။ အသင်းက ရရန်ရှိသော ကြွေးမြီများအတွက် အသင်းသား၊ သို့မဟုတ် အသင်းဝင်၏အစုငွေ၊ စုဆောင်းငွေနှင့် အခြားအကျိုးသက်ဆိုင်ခွင့်များအပေါ် ချုပ်နှိမ်နိုင်ခွင့်၊ ရယူနိုင်ခွင့်။

(၃) သမဝါယမအသင်း၏ စာရင်းများကို အသင်းလုပ်ငန်းတာဝန်ခံက လက်မှတ်ရေးထိုးလျှင်၊ သို့မဟုတ် စာရင်းရှင်းလင်းဆဲဖြစ်ပါက စာရင်းရှင်းတာဝန်ခံက လက်မှတ်ရေးထိုးလျှင်၊ ၎င်းစာရင်းများသည်၊ တရားရုံးများတွင် တရားဝင်သက်သေခံဖြစ်စေရမည်။ စာရင်းနှင့်ပတ်သက်၍ စွပ်စွဲအရေးယူခြင်းခံရသူအားလည်း ဖြေရှင်းနိုင်ရန် အခွင့်အရေးပေးရမည်။

(၄) သမဝါယမအသင်း၏အသင်းသား၊ သို့မဟုတ် အသင်းဝင်၏ အစုငွေ၊ သို့မဟုတ် အခြားအကျိုးသက်ဆိုင်ခွင့်ကို မည်သည့်တရားရုံးကမျှ ဝါရမ်းဖမ်းဆီးနိုင်ခွင့်မရှိ။

## အခန်း ၁၁

## သမဝါယမအသင်းသားများ၏ တာဝန်နှင့်ရပိုင်ခွင့်များ

၃၈။ အသင်းသားများ၏ တာဝန်များ။ ။သမဝါယမအသင်းသားတိုင်းသည်၊ အောက်တွင်ဖော်ပြသောတာဝန်များကို ထမ်းဆောင်ရမည်။

(၁) ဤဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားစာများကို လိုက်နာရမည်။

(၂) အသင်း၏ဆုံးဖြတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

(၃) အသင်းကပေးအပ်သည့် တာဝန်နှင့် လုပ်ငန်းများကို ထမ်းဆောင်ရမည်။

(၄) အသင်း၏ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရမည်။

(၅) အစုငွေများကို၊ အပြည့်အဝထည့်ဝင်ရမည်။ ဤသို့ ထည့်ဝင်ရာ၌ ကိုယ်ပိုင်ငွေဖြင့်သာ ထည့်ဝင်ရမည်။

(၆) အသင်းအား ပေးရန်ငွေကို၊ အသင်းမှရရန်ငွေမှ နုတ်ယူခြင်းကိုလက်ခံရမည်။

(၇) အသင်းမှရရှိသော အခွင့်အရေးများကို အလွဲသုံးစားမပြုရ။

**အသင်းသားများ၏ ရပိုင်ခွင့်များ။**

၄၀။ (၁) သမဝါယမအသင်းသားတိုင်းသည်၊ အောက်တွင်ဖော်ပြသော ရပိုင်ခွင့်များကို ရရှိရမည်။

၁။ အသင်းမှရရှိသော အကျိုးခံစားခွင့်များကို၊ အချိုးကျကျ မျှတစွာရပိုင်ခွင့်။

၂။ ထည့်ဝင်ထားသော အစုငွေအထိသာ ပေးလျော်ပိုင်ခွင့်။

၃။ အမွေဆက်ခံသူအား၊ အသင်းတွင် မှတ်ပုံတင်ထားနိုင်ခွင့်။

၄။ အစုများကို တရားဝင်ပုဂ္ဂိုလ်အား လွှဲပြောင်းပေးပိုင်ခွင့်။

(၂) အခြားတည်ဆဲ တရားဥပဒေတခုခု၌ဖြစ်စေ၊ တရားဥပဒေကဲ့သို့ အကျိုးသက်ရောက်သော စာချုပ်စာတမ်းတခုခု၌ဖြစ်စေ မည်သို့ပင်ပါရှိစေကာမူ၊ ဤဥပဒေအရ၊ မှတ်ပုံတင်ထားသော သမဝါယမအသင်းအသင်း၌၊ အသင်းသားတဦး၏အစုနှင့်စုဆောင်းငွေ၊ သို့မဟုတ် အခြားအကျိုးခံစားခွင့်အားလုံးကို၊ အသင်းသားသေဆုံးသည့်အခါ အောက်တွင်ဖော်ပြသူတဦးသို့ လွှဲပြောင်းပေးအပ်နိုင်ရန်အလို့ငှါ၊ အမည်တင်သွင်းထားနိုင်သည်။

၁။ အသင်းသား၏ တရားဝင်ခင်ပွန်း၊ သို့မဟုတ် ဇနီးနှင့် ကလေးများ။

၂။ အသင်းသား၏ မိခင်၊ ဖခင်။

၃။ အသင်းသားအား မှီခိုအားထားခဲ့ရသည့်၊ သို့မဟုတ် ၎င်းအပေါ်၌ မှီခိုအားထားနေသည့် ဆွေမျိုးဉာတိများနှင့် အခြားသူများ။

(၃) သမဝါယမအသင်းသားများ၏ ဆန္ဒမဲပေးပိုင်ခွင့်၊ အရွေးခံ ပိုင်ခွင့်နှင့် တာဝန်ထမ်းဆောင်ပိုင်ခွင့်များသည်၊ အစိုးရက နည်းဥပဒေများဖြင့် သတ်မှတ်ပေးသည့်အတိုင်း ဖြစ်သည်။

၄၁။ ။အစိုးရသည်၊ အခြေခံသမဝါယမအသင်းများ၏ အသင်းသားများနှင့် သမဝါယမအသင်း အဆင့်ဆင့်၏ကောင်စီ၊ အမှုဆောင်ကော်မီတီ၊ အခြားကော်မီတီ၊ လုပ်ငန်းအဖွဲ့ဝင်များ ရှိရမည့်အရည်အချင်းများကို အခါအားလျော်စွာ သတ်မှတ်နိုင်သည်။

အသင်းသားများ ရှိရမည့် အရည် အချင်းများကို အစိုးရက ပြဋ္ဌာန်းနိုင်ခွင့်။

## အခန်း ၁၂

## သမဝါယမအသင်း ဝန်ထမ်းများ

၄၂။ ။(၁) သမဝါယမ အသင်းများသည်၊ အသင်း၏ လုပ်ငန်း များကို လုပ်ဆောင်ရန်၊ အသင်းဝန်ထမ်း အစားစားကို ခန့်ထား နိုင်သည်။

ဝန်ထမ်းများ ခန့်ပိုင်ခွင့်။

(၂) အစိုးရသည်၊ သမဝါယမအသင်းများတွင် လိုသည့်ဝန်ထမ်းများကို ခန့်ထားနိုင်သည်။

၄၃။ ။သမဝါယမအသင်းဝန်ထမ်းများ၏ ရပိုင်ခွင့်များနှင့် စည်းကမ်းများသည်၊ အစိုးရကအခါအားလျော်စွာ ပြဋ္ဌာန်းသည့်အတိုင်း ဖြစ်ရမည်။

ဝန်ထမ်းများ၏ ရပိုင်ခွင့်များနှင့်စည်းကမ်းများ။

## အခန်း ၁၃

## သမဝါယမအသင်းများအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၄၄။ ။သမဝါယမ အသင်းတသင်းအား၊ အောက်တွင် ဖော်ပြသည့် အကြောင်းတခုခုကြောင့်၊ စာရင်းရှင်းနိုင်သည်။

စာရင်းရှင်းရန် အကြောင်း။

(၁) အစိုးရက အခါအား လျော်စွာ သတ်မှတ်သည့် အသင်းသား၊ သို့မဟုတ် အသင်းဝင်ဦး ရေ မပြည့်ခြင်း။

(၂) သမဝါယမ အသင်းတခုသည်၊ ပုဒ်မ ၃ နှင့် ၄ တွင် ဖော်ပြသော ဦးတည်ချက်နှင့် အခြေခံသဘောတရားများကို ဆန့်ကျင်၍ဆောင်ရွက်ခြင်း။

(၃) ဤဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားစာများကို အကြိမ်ကြိမ် ဖေါက်ဖျက်ခြင်း၊

(၄) အစိုးရကသတ်မှတ်ပေးသည့်စီးပွါးရေးလုပ်ငန်းများကို လုပ်ဆောင်မှု မပြုခြင်း။

(၅) အစိုးရက သတ်မှတ်ပေးသည့် စီးပွါးရေးလုပ်ငန်းကို လုပ်ဆောင်သော်လည်း စံနစ်မကျခြင်း၊ မအောင်မြင်ခြင်း၊ ဆုံးရှုံးခြင်း၊ မ,တည်ရင်းနှီးငွေ မပြည့်စုံခြင်း၊ ကျွမ်းကျင်သည့်ဝန်ထမ်း မပြည့်စုံခြင်း။

(၆) သင်းလုံးကျွတ်အစည်းအဝေး၊ သို့မဟုတ် ကောင်စီအစည်းအဝေးက အညီအညွတ်ဆုံးဖြတ်၍၊ စာရင်းရှင်းပေးရန် တောင်းဆိုခြင်း။

(၇) အစိုးရက အကြောင်းအမျိုးမျိုးကြောင့်၊ စာရင်းရှင်းသင့်သည်ဟု ဆုံးဖြတ်ခြင်း။

**စာရင်းရှင်းတာဝန်ခံ ခန့်ထားခြင်း။**

၄၅။ ။(၁) အစိုးရသည်၊ သမဝါယမအသင်း တသင်းအား၊ စာရင်းရှင်းရမည်ဟု အမိန့်ချမှတ်သည့်နှင့် တပြိုင်တည်း၊ စာရင်းရှင်းတာဝန်ခံကို တပါတည်းခန့်အပ်ရမည်။

(၂) စာရင်းရှင်းတာဝန်ခံသည်၊ ဤဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားစာများအရသော်လည်းကောင်း၊ အခြားဥပဒေနှင့် အခြားနည်းဥပဒေများအရသော်လည်းကောင်း၊ အစိုးရ၏ညွှန်ကြားစာများအရသော်လည်းကောင်း ပေးအပ်သည့်တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ရရှိရမည်။

**တရားမကြောင်း အရ၊ တရားစွဲဆိုမှုကိုပိတ်ပင်ခြင်း။**

၄၆။ ။(၁) ဤဥပဒေအရ၊ သမဝါယမအသင်းကို စာရင်း ရှင်းခြင်းနှင့် စပ်လျဉ်း၍၊ မည်သည့် တရားရုံးကမျှ အရေးယူပိုင်ခွင့် မရှိစေရ။

(၂) စာရင်းရှင်းတာဝန်ခံ ခန့်ထားပြီးဖြစ်သော သမဝါယမအသင်း အား၊ အစိုးရ၏ ခွင့်ပြုချက်မရရှိဘဲ၊ တရားစွဲဆိုခြင်း၊ အခြားနည်း အရေးယူခြင်း မပြုရ။

**စာရင်းရှင်း တာဝန်ခံ၏ အမိန့်များ။**

၄၇။ ။(၁) သမဝါယမအသင်း၏ စာရင်းရှင်း တာဝန်ခံက ချမှတ်သော အမိန့်များကို၊ သက်ဆိုင်သူများက လိုက်နာ ဆောင်ရွက်ရမည်။

(၂) ဤကဲ့သို့ဆောင်ရွက်ခြင်း မရှိလျှင်၊ ၎င်းအမိန့်ကို စီရင်ပိုင်ခွင့်ရှိသော တရားမရုံးက ချမှတ်သော ဒီကရီ ဖြစ်ဘိသကဲ့သို့ ဆောင်ရွက်ရမည့်အပြင်၊ အမိန့်အရတောင်းခံရမည့်ငွေကို၊ အခွန်မပြေ ကျန်ငွေ ဖြစ်ဘိသကဲ့သို့ ရယူရမည်။

၄၇။ ။သမဝါယမအသင်းကို စာရင်းရှင်းလင်းပြီးနောက်၊ စာရင်းရှင်း တာဝန်ခံ၏ နိဂုံးချုပ်အစီရင်ခံစာ အပေါ်တွင် မူတည်၍၊ အစိုးရက အောက်တွင် ဖော်ပြသည့်အတိုင်း ဆောင်ရွက်နိုင်သည်။

**သမဝါယမ အသင်းကို မှတ်ပုံတင် စာရင်းမှ ပယ်ဖျက်ခြင်း။**

(၁) သမဝါယမအသင်းအား၊ ဆက်လက် တည်ရှိသင့်သည်ဟု ဆုံးဖြတ်လျှင်၊ စာရင်း ရှင်းလင်းဖျက်သိမ်းရန် ချမှတ်ထားသော အမိန့်ကို ပယ်ဖျက်နိုင်သည်။

(၂) သမဝါယမအသင်းအား၊ ဆက်လက်တည်ရှိရန် မသင့်ဟု ဆုံးဖြတ်လျှင် သမဝါယမအသင်းကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်နိုင်သည်။

## အခန်း ၁၄

## ပြစ်မှုများနှင့် ပြစ်ဒဏ်များ

၄၈။ ။(၁) ဤဥပဒေ၏ နောက်ဆက်တွဲ ဇယား ၁ တွင် ဖော်ပြသော ပြစ်မှုများကို၊ သက်ဆိုင်ရာ သမဝါယမ အသင်း၏ အမှုဆောင်ကော်မီတီက စီရင်၍၊ အစိုးရက အတည်ပြုရမည်။

**အသင်းအမှုဆောင်ကော်မီတီက စီရင်ပိုင်ခွင့်။**

(၂) သမဝါယမအသင်း၏ အမှုဆောင်ကော်မီတီသည်၊ ဇယား ၁ တွင် စာတိုင် ၁ ၌ ဖော်ပြသော အမှတ်စဉ်တခုစီတွင် စာတိုင် ၂ ၌ဖော်ပြသော ပြစ်မှုအတွက်၊ စာတိုင် ၃ ၌ ဖော်ပြသော ပြစ်ဒဏ်များကို တခုစီ သော်လည်းကောင်း၊ စုပေါင်း၍ သော်လည်းကောင်း ကျခံရန်စီရင်နိုင်သည်။

(၃) တချိန်တည်းတွင် ပြစ်မှု တခုထက်ပို၍ ကျူးလွန်လျှင်၊ နောက်ဆက်တွဲ ဇယား ၁ ၏ စာတိုင် ၃ ၌ ဖော်ပြသည့် ပိုမိုကြီးလေးသော ပြစ်ဒဏ်ကို၊ စီရင်ရမည်။

၄၉။ ။(၁) ဤဥပဒေ၏ နောက်ဆက်တွဲ ဇယား ၂ နှင့် ၃ တွင်ဖော်ပြသော ပြစ်မှုများတွင် ၅ နှစ်အထိထောင်ဒဏ် အပြစ်ပေးနိုင်သည့် ပြစ်မှုများကို၊ ဒေသတရားရုံးက စီရင်နိုင်သည်။

**ဒေသ တရားရုံးက စီရင်ပိုင်ခွင့်။**

(၂) အစိုးရသည်၊ လိုသည့်ဒေသတရားရုံးများကို ဖွဲ့စည်းပေးရမည်။

(၃) ဒေသတရားရုံး၏ စီရင်ချက်ကို မကျေနပ်လျှင်၊ အယူခံဝင်ခွင့် ရှိစေရန်၊ အယူခံအဖွဲ့များကို အစိုးရကလိုသကဲ့သို့ဖွဲ့စည်းပေးရမည်။

(၄) နိုင်ငံတော်တရားရုံးချုပ်သည်၊ ဤဥပဒေ၏ နောက်ဆက်တွဲ ဇယား ၂ နှင့် ၃ တွင်ဖော်ပြသောပြစ်မှုများနှင့်စပ်လျဉ်း၍၊ ပြင်ဆင်စီရင်ပိုင်ခွင့် ရှိစေရမည့်အပြင်၊ ဒေသ တရားရုံးများနှင့် အယူခံအဖွဲ့များကို ကြီးကြပ်ကွပ်ကဲ ပိုင်ခွင့်လည်း ရှိရမည်။

(၅) ဤဥပဒေ၏နောက်ဆက်တွဲဇယား ၂ နှင့် ၃ အသီးသီး၏ စာတိုင် ၁ ၌ ဖေါ်ပြသော အမှတ်စဉ်တခုစီတွင်၊ စာတိုင် ၂ ၌ဖေါ်ပြသောပြစ်မှုအတွက်၊ စာတိုင် ၃ ၌ ဖေါ်ပြသော ပြစ်ဒဏ်များကို၊ တခုစီသော်လည်းကောင်း၊ စုပေါင်း၍ သော်လည်းကောင်း ကျခံရန်စီရင်နိုင်သည်။

(၆) တချိန်တည်းတွင် ပြစ်မှု တခုထက်ပို၍ ကျူးလွန်လျှင်၊ နောက်ဆက်တွဲဇယား ၂ နှင့် ၃ အသီးသီး၏ စာတိုင် ၃ ၌ ဖေါ်ပြသည့် ဗိုမို ကြီးလေးသော ပြစ်ဒဏ်ကိုစီရင်ရမည်။

**အထူး ရာဇဝတ်ရုံးက စီရင်ပိုင်ခွင့်။**

၅၁။ ။(၁) ဤဥပဒေ၏ နောက်ဆက်တွဲဇယား ၂ နှင့် ၃ ၌ ဖေါ်ပြသော ပြစ်မှုများတွင် ၅ နှစ်အထက် ထောင်ဒဏ် အပြစ် ပေးနိုင်သည့် ပြစ်မှုများကို၊ အထူး ရာဇဝတ် ရုံးက စစ်ဆေး နိုင်သည်။

(၂) အစိုးရသည်၊ လိုသည့် အထူးရာဇဝတ်ရုံးများကို ဖွဲ့စည်းပေးရမည်။

(၃) ဤကဲ့သို့ ရာဇဝတ်ရုံးမှ စီရင်သော်လည်း၊ တရားမကြောင်းဖြင့် အရေးယူမှုကို ပိတ်ပင်ခြင်း မရှိစေရ။

**အစိုးရကစီရင်ပိုင်ခွင့်။**

၅၂။ ။(၁) ဤဥပဒေ၏ နောက်ဆက်တွဲဇယား ၄ တွင် ဖေါ်ပြသော ပြစ်မှုများအတွက် ငွေဒဏ်များကို အစိုးရက စီရင်ရမည်။

(၂) ပုဒ်မခွဲ (၁) အရ၊ ငွေဒဏ်စီရင်ချက်သည်၊ စီရင်ပိုင်ခွင့်ရှိသည့်ရာဇဝတ်တရားရုံး၏ငွေဒဏ်စီရင်ချက်ဖြစ်ဘိသကဲ့သို့အကျိုးသက်ရောက်စေရမည်။

**ဤဥပဒေအရသာ အရေးယူခြင်း။**

၅၃။ ။ဤဥပဒေအရ ကျူးလွန် ဖေါက်ဖျက်သော ပြစ်မှု များကို၊ ဤ ဥပဒေအရသာလျှင် အရေးယူရမည်။

## အခန်း ၁၅

## အထွေထွေ

**အရွယ်ရောက်သည့် အသက်။**

၅၄။ ။အခြားတည်ဆဲ ဥပဒေများတွင်၊ မည်သို့ပင် ပါရှိစေကာမူ၊ ဤဥပဒေအရ မှတ်ပုံတင် ထားသည့် သမဝါယမ အသင်းများတွင် အသင်းသားအဖြစ်ဝင်ရောက် ခွင့်ကို ရရှိစေရန်၊ အရွယ်ရောက်သည့် အသက်သည်၊ ၁၆ နှစ်ဖြစ်စေရမည်။

**အငြင်းပွါးမှုများ။**

၅၅။ ။(၁) အစိုးရသည်၊ သမဝါယမ အသင်း များတွင်ဖြစ်ပွါးသော အငြင်းပွါးမှုများကို အပြီးသတ်ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

(၂) ဤအငြင်းပွါးမှု များကို၊ တရားရုံးက ဆုံးဖြတ်ပိုင်ခွင့်မရှိ။

(၃) အငြင်းပွါးမှု များနှင့် ပတ်သက်၍၊ အစိုးရ၏ဆုံးဖြတ် ချက်များကို၊ တရားရုံးတွင် အယူခံပိုင်ခွင့်မရှိ။

**သမဝါယမ ဆိုသည့် စကားရပ်ကိုအသုံးပြုခြင်းမှ တားမြစ်ခြင်း။**

၅၆။ ။သမဝါယမအသင်း စာရင်းတွင်မှတ်ပုံတင်ပြီး၍၊ မှတ်ပုံတင်အမှတ်ရရှိပြီးဖြစ်သောသမဝါယမအသင်းမှတပါး၊ "သမဝါယမ" ဆိုသည့်စကားရပ်၊ သို့မဟုတ် သမဝါယမဟု အဓိပ္ပါယ်သက်ရောက်သောအခြားဘာသာရပ်တခုခုဖြင့် ရေးသားထားသည့် စကားရပ်ကိုသော်လည်းကောင်း၊ အစိုးရက သတ်မှတ်ပေးသည့် သမဝါယမတံဆိပ်ကိုသော်လည်းကောင်း အစိုးရ၏ ခွင့်ပြုချက်မရှိဘဲ မည်သူမျှအသုံးမပြုရ။

**သမဝါယမအသင်းများကို ဥပဒေပြဋ္ဌာန်းချက်များမှကင်းလွတ်ခွင့်ပေးခြင်း။**

၅၇။ ။အစိုးရသည်၊ သမဝါယမအသင်းတသင်းအား၊အကြောင်းအားလျော်စွာ ဤဥပဒေ၊ သို့မဟုတ် နည်းဥပဒေများတွင် ဖေါ်ပြသောပြဋ္ဌာန်းချက်တခုခုမှ သော်လည်းကောင်း၊ အများမှသော်လည်းကောင်း ကင်းလွတ်ခွင့်ပြုနိုင်သည်။

**သမဝါယမ အသင်း၏ ဆောင်ရွက်ချက်များ ပျက်ပြယ်မှုမရှိခြင်း။**

၅၈။ ။သမဝါယမ အသင်းတသင်းကိုဖွဲ့စည်းရာတွင် သော်လည်းကောင်း၊ ကောင်စီ၊ အမှုဆောင်ကော်မီတီ၊ အခြားကော်မီတီများနှင့် လုပ်ငန်းအဖွဲ့များကိုဖွဲ့စည်းရာတွင်သော်လည်းကောင်း ချို့ယွင်းသည့် အကြောင်းတခုခုကြောင့်ဖြစ်စေ၊ ကောင်စီ၊ အမှုဆောင်ကော်မီတီ၊ အခြားကော်မီတီ၊ လုပ်ငန်းအဖွဲ့ဝင်တဦး အရည်အချင်းမပြည့်ဝသောကြောင့်ဖြစ်စေ၊ သမဝါယမအသင်း၏ ဆောင်ရွက်ချက်၊ ကောင်စီ၊ အမှုဆောင်ကော်မီတီ၊ အခြားကော်မီတီများနှင့်လုပ်ငန်းအဖွဲ့များ၏ ဆောင်ရွက်ချက်များသည်၊ ပျက်ပြယ်ခြင်းမရှိစေရ။

**နည်းဥပဒေစသည်များ။**

၅၉။ ။အစိုးရသည်၊ ဤဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားစာ စသည်တို့ကိုထုတ်ပြန်နိုင်သည်။

**လုပ်ထုံးလုပ်နည်းများ။**

၆၀။ ။အစိုးရသည်၊ သမဝါယမအသင်း အမျိုးအစားအလိုက်၊ လုပ်ထုံးလုပ်နည်းများကို သတ်မှတ် ပေးနိုင်သည်၊ ပြင်ဆင်နိုင်သည်၊ ပယ်ဖျက်နိုင်သည်။

**လုပ်ပိုင်ခွင့်လွှဲအပ်ခြင်း။**

၆၁။ ။(၁) အစိုးရသည်၊ ဤဥပဒေပါရည်ရွယ်ချက်များကို အထမြောက်အောင် ဆောင်ရွက်နိုင်ရန်အတွက် လိုသည့် အဖွဲ့အစည်းများကို ဖွဲ့စည်းနိုင်သည်။

(၂) အစိုးရသည်၊ နည်းဥပဒေနှင့် စည်းမျဉ်းဥပဒေများကို၊ ထုတ်ပြန်နိုင်ခွင့်မှ တပါး၊ အခြားဤဥပဒေအရ လုပ်ပိုင်ခွင့်များကို၊ အဖွဲ့အစည်းတခု၊ သို့မဟုတ် ပုဂ္ဂိုလ်တဦးအားလွှဲအပ်နိုင်သည်။

(၃) ဤကဲ့သို့ လုပ်ပိုင်ခွင့်လွှဲအပ်ခြင်းခံရသောအဖွဲ့အစည်း၊ သို့မဟုတ် ပုဂ္ဂိုလ်သည်၊ လုပ်ငန်းတခုနှင့်ပတ်သက်၍ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို၊ အခြားအဖွဲ့အစည်း၊ သို့မဟုတ် ပုဂ္ဂိုလ်အားထပ်မံလွှဲအပ်နိုင်သည်။

၆၂။ ။(၁) ၁၉၅၆ ခုနှစ်၊ သမဝါယမ အသင်းများအက်ဥပဒေကို၊ ဤဥပဒေဖြင့်ရုပ်သိမ်းလိုက်သည်။

၁၉၅၆ ခုနှစ်၊ သမဝါယမ အသင်းများ အက်ဥပဒေကိုရုပ်သိမ်းခြင်း။

(၂) ၁၉၅၆ ခုနှစ်၊ သမဝါယမအသင်းများ အက်ဥပဒေအရ တည်ထောင်ခဲ့သော သမဝါယမအသင်းများသည်၊ ဤဥပဒေအရ မှတ်ပုံတင်ထားသောအသင်းများဖြစ်ဘိသကဲ့သို့ ဆက်လက်တည်ရှိစေရမည်။ သို့သော် ဤဥပဒေအရပြဋ္ဌာန်းထားသည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေများအရ၊ ပြန်လည်ဖွဲ့စည်းရမည်။ အဆိုပါအက်ဥပဒေအရ၊ အရေးယူဆဲဖြစ်သောကိစ္စအရပ်ရပ်ကိုလည်း၊ အဆိုပါအက်ဥပဒေပြဋ္ဌာန်းချက်များအရ ဆက်လက်အရေးယူရမည်။

(၃) ပုဒ်မခွဲ (၁) အရ၊ ရုပ်သိမ်းရာတွင် မြန်မာနိုင်ငံ ယေဘုယျစကားရပ် အက်ဥပဒေပုဒ်မ ၅ ပါပြဋ္ဌာန်းချက် များသည်၊ အကျိုးသက်ရောက်စေရမည်။

# နောက်ဆက်တွဲဇယား ၁

## သမဝါယမအသင်းသားများ၏ဖြစ်မှုများ

| အမှတ်စဉ် | ဖြစ်မှု | ဖြစ်ဒဏ် | |
|---|---|---|---|
| (၁) | (၂) | (၃) | |
| ၁ | သမဝါယမ အသင်းသားတဦးသည်၊ အသင်း၏ အစုငွေကို သတ်မှတ်သည့်အတိုင်း ထည့်ဝင်ရန်ပျက်ကွက်ခြင်း။ | ၁ | ပျက်ကွက်သည့် ကာလတွင် အသင်းသားအဖြစ်မှ ယာယီရပ်စဲခြင်း။ |
| ၂ | သမဝါယမ အသင်းသားတဦးသည်၊ အသင်း၏ အစုငွေကို၊ မိမိကိုယ်ပိုင်ငွေဖြင့် မဟုတ်ဘဲ၊ အခြားသူပိုင်ငွေဖြင့် ထည့်ဝင်ခြင်း။ | ၁<br>၂<br>၃ | ဤကဲ့သို့ထည့်ဝင်သည့် ငွေကို၊ အသင်းပိုင်အဖြစ် ပြုလုပ်ခြင်း။<br>ဤကဲ့သို့ထည့်ဝင်သည့် အသင်းသားကို၊ အသင်းမှထုတ်ပယ်ခြင်း။<br>ဤကဲ့သို့ထည့်ဝင်နိုင်ရန် ငွေပေးသူကိုအသင်းမှထုတ်ပယ်ခြင်း။ |
| ၃ | သမဝါယမ အသင်းသားတဦး၊ သို့မဟုတ် အသင်းဝန်ထမ်းတဦးသည်၊ သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်း ဥပဒေ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားစာတခုခုကို၊ သာမန်အားဖြင့် လိုက်နာရန် ပျက်ကွက်ခြင်း။<br>အသင်း၏ဆုံးဖြတ်ချက်များကို သာမန် အားဖြင့် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း။<br>အသင်းကပေးအပ်သည့် တာဝန်နှင့် လုပ်ငန်းများကို သာမန်အားဖြင့် ထမ်းဆောင်ရန် ပျက်ကွက်ခြင်း။ | ၁<br>၂<br>၃<br>၄ | ပျက်ကွက်သည့်အတွက် အသင်းတွင် နစ်နာ ဆုံးရှုံးသော အကျိုး တန်ဘိုးအတိုင်းလျော်ကြေးကို သက်ဆိုင်ရာ ပျက်ကွက်သူက ပေးဆောင်ခြင်း။<br>ပျက်ကွက် သူ၏ အသင်းမှ တနှစ်အတွက် ရရန်ရှိသော အကျိုးဝေစုနှင့် ပြန်အမ်းငွေကို၊ အသင်းပိုင်ပြုလုပ်ခြင်း။<br>ကာလအပိုင်းအခြားဖြင့်အသင်းသားအဖြစ်မှယာယီရပ်စဲခြင်း။<br>ဤကဲ့သို့ပျက်ကွက်သည့်အတွက် အသင်း၌၊ နစ်နာဆုံးရှုံးမှုများပြားလျှင်၊ ရာဇဝတ်မှုအဖြစ်၊ ရုံးခန်းတွင် တိုင်ကြားခြင်း။ |

## နောက်ဆက်တွဲဇယား ၁။ ။အဆုံး

| အမှတ်စဉ် | ပြစ်မှု | ပြစ်ဒဏ် | |
|---|---|---|---|
| (၁) | (၂) | (၃) | |
| ၄ | သမဂ္ဂါယမအသင်းသားတဦး၊ သို့မဟုတ် အသင်းဝန်ထမ်းတဦးသည်၊ အကြောင်းအချက်ခိုင်လုံစွာ မရှိဘဲ၊ သို့မဟုတ် မမှန်ဘဲအသင်း၏ စည်းလုံးညီညွတ်မှုကိုနစ်နာ ပျက်စီးအောင်ပြောဆိုခြင်း၊ လုပ်ဆောင်ခြင်း။ ဤကဲ့သို့ပြောဆိုလုပ်ဆောင်သည်ကို၊ အားပေးကူညီခြင်း၊ | ၁ | အသင်းသား အဖြစ်မှ ထုတ်ပယ်ခြင်း။ |
| | | ၂ | အသင်းသား၏ အစုငွေ၊ စုဆောင်းငွေနှင့်အခြားအကျိုးခံစားခွင့်များကို၊ အသင်းပိုင်ပြုလုပ်ခြင်း။ |
| | | ၃ | ရာဇဝတ်မှုအဖြစ် ရုံးခန်းတွင်တိုင်ကြားခြင်း။ |

# နောက်ဆက်တွဲဇယား ၂

## သမဝါယမအသင်း၏ လုပ်ငန်းနှင့်ပစ္စည်းများကို ကျူးလွန်မှုများ

| အမှတ်စဉ် | ပြစ်မှု | ပြစ်ဒဏ် | |
|---|---|---|---|
| (၁) | (၂) | (၃) | |
| ၁ | မိမိ၏ သမဝါယမ အသင်းပိုင် ပစ္စည်းများကိုခိုးယူ၊ ပျောက်ဆုံး၊ ပျက်စီး၊ လျော့နည်းဖိတ်စင်သည်ကို၊ သိရှိသူက၊ အသင်းလုပ်ငန်း တာဝန်ခံ၊ သို့မဟုတ် ဝန်ထမ်း၊ သို့မဟုတ် အနီးဆုံး ပြည်သူ့ရဲစခန်းအား၊ အကြောင်းကြားရန်၊ သို့မဟုတ် လွှဲအပ်ရန် တာဝန်ရှိသော်လည်း၊ ဤကဲ့သို့ အကြောင်းကြားရန်၊ သို့မဟုတ် လွှဲအပ်ရန်ပျက်ကွက်ခြင်း။<br>ဤကဲ့သို့ ပျက် ကွက် သည် ကို၊ အားပေးကူညီခြင်း။ | ၁<br>၂<br>၃ | ၆ လ အထိထောင်ဒဏ်၊<br>ကျပ် ၂၅၀ အထိငွေဒဏ်၊<br>ဆုံးရှုံးသည့် ပစ္စည်းတန်ဖိုး၏ ၃ ဆ အထိ လျော်ကြေး၊ |
| ၂ | သမဝါယမအသင်းများကသာလျှင်၊ ဝယ်ယူ ရောင်းချရန်အတွက်၊ အစိုးရက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သော ပစ္စည်းများကို၊ပုဂ္ဂလိက လုပ်ငန်းရှင်တဦး၊ သို့မဟုတ် ပုဂ္ဂလိက အဖွဲ့က ဝယ်ယူ ရောင်းချခြင်းကိုသိရှိလျှင်၊ မိမိကိုယ်တိုင် အရေးယူ ပိုင်ခွင့်ရှိလျက်၊ မိမိကိုယ်တိုင်အရေးယူရန် ပျက်ကွက်ခြင်း၊ သို့မဟုတ် အသင်းလုပ်ငန်း တာဝန်ခံအား တိုင်ကြားရန်ပျက်ကွက် | ၁<br>၂ | ၂ နှစ်အထိ ထောင်ဒဏ်။<br>ကျပ် ၁,၀၀၀ အထိ ငွေဒဏ်။ |

## နောက်ဆက်တွဲဇယား ၂။ ။အဆက်

| အမှတ်စဉ် | ပြစ်မှု | | ပြစ်ဒဏ် |
|---|---|---|---|
| (၁) | (၂) | | (၃) |
| | ခြင်း၊ သို့မဟုတ် ရဲစခန်းအား တိုင်ကြားရန်ပျက်ကွက်ခြင်း။ ထို့ပြင် အခြားသူ တဦးက အခွန်ရေး ယူရန် ပျက်ကွက်အောင်၊ သို့မဟုတ် အသင်းလုပ်ငန်းတာဝန်ခံအား တိုင်ကြားရန် ပျက်ကွက်အောင်၊ သို့မဟုတ် ရဲစခန်းအားတိုင်ကြားရန် ပျက်ကွက်အောင် ပြောဆိုခြင်း၊ လုပ်ဆောင်ခြင်း။ | | |
| ၃ | သမဝါယမအသင်းပိုင် ပစ္စည်းများကို၊ လက်ဝယ် ထားပိုင်ခွင့်၊ သိုလှောင်ပိုင်ခွင့်၊ ကြိတ်ခွဲပိုင်ခွင့်၊ ထုပ်ပိုးပိုင်ခွင့်၊ ပြုပြင်မွမ်းမံပိုင်ခွင့်၊ ရောင်းချပိုင်ခွင့်၊ လွှဲပြောင်းပိုင်ခွင့်၊ သယ်ယူပိုင်ခွင့်၊ ကိုင်တွယ်တင်ချပိုင်ခွင့်၊ တရားဝင် ဖျက်ဆီးပိုင်ခွင့်မရှိဘဲ၊ လက်ဝယ်ထားခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲခြင်း၊ ထုပ်ပိုးခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ သယ်ယူခြင်း၊ ကိုင်တွယ်တင်ချခြင်း၊ ဖျက်ဆီးခြင်း။<br><br>ဤကဲ့သို့ ပြုလုပ်သည်ကို၊ အားပေးကူညီခြင်း။ | ၁ | ၃ နှစ်အထိ ထောင်ဒဏ်။ |
| | | ၂ | ကျပ် ၁,၅၀၀ အထိငွေဒဏ်၊ |
| | | ၃ | ဆုံးရှုံးသည့်ပစ္စည်းတန်ဘိုး၏ ၃ ဆအထိ လျော်ကြေး။ |
| | | ၄ | ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများကို၊ ပြည်သူပိုင်အဖြစ် သိမ်းဆည်းခြင်း။ |

## နောက်ဆက်တွဲဇယား ၂။ ။အဆက်

| အမှတ်စဉ် | ပြစ်မှု | ပြစ်ဒဏ် | |
|---|---|---|---|
| (၁) | (၂) | (၃) | |
| ၄ | သမဝါယမအသင်းပိုင် ပစ္စည်းများကို၊ လက်ဝယ်ထားခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲခြင်း၊ ထုပ်ပိုးခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ပိုးမွှား တိရစ္ဆာန် ကာကွယ်ခြင်း၊ လုံခြုံမှုများကို ပြုလုပ်ခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ သယ်ယူခြင်း၊ ကိုင်တွယ်တင်ချခြင်း၊ တရားဝင် ဖျက်ဆီးခြင်းနှင့် ပတ်သက်၍၊ သက်ဆိုင်ရာတို့က ပြုလုပ်ထားသည့် စည်းကမ်းချက်များကို၊ လိုက်နာလုပ်ဆောင်ရန် ပျက်ကွက်ခြင်း။<br>ဤကဲ့သို့ ပျက်ကွက်သည်ကို၊ အားပေးကူညီခြင်း။ | ၁<br>၂<br>၃ | ၃ နှစ်အထိထောင်ဒဏ်။<br>ကျပ် ၁,၅၀၀ အထိ ငွေဒဏ်၊<br>ဆုံးရှုံးသည့်ပစ္စည်းတန်ဘိုး၏ ၃ ဆအထိ လျော်ကြေး။ |
| ၅ | သမဝါယမအသင်းပိုင် ပစ္စည်းများကို၊ လိုသည်ထက်ပို၍ ပျက်စီးခြင်း၊ လျော့နည်းခြင်း၊ ဖိတ်စင်ခြင်း၊ ဆုံးရှုံးခြင်းမရှိအောင် သက်ဆိုင်ရာတို့၏ သတ်မှတ်သည့် စည်းကမ်းချက်များအရဖြစ်စေ၊ သာမန်အားဖြင့် ဆောင်ရွက်မြဲအတိုင်း၊ လုပ်ရိုးလုပ်စဉ်အားဖြင့် ဖြစ်စေ လုပ်ဆောင်ရန် ပျက်ကွက်ခြင်း။<br>ဤကဲ့သို့ ပျက်ကွက်သည်ကို၊ အားပေးကူညီခြင်း။ | ၁<br>၂<br>၃ | ၃ နှစ်အထိထောင်ဒဏ်။<br>ကျပ် ၁,၅၀၀ အထိ ငွေဒဏ်၊<br>ဆုံးရှုံးသည့်ပစ္စည်းတန်ဘိုး၏ ၃ ဆ အထိ လျော်ကြေး။ |

## နောက်ဆက်တွဲဇယား ၂။ ။အဆက်

| အမှတ်စဉ် | ဖြစ်မှု | | ဖြစ်ဒဏ် |
|---|---|---|---|
| (၁) | (၂) | | (၃) |
| ၆ | သမဝါယမအသင်းပိုင် ပစ္စည်းကို၊ ဥပဒေ ခွင့်ပြုချက်မရှိဘဲ ပုဂ္ဂလိကပိုင်ပစ္စည်းအဖြစ် လွှဲပြောင်းခြင်း၊အခြားနည်းဖြင့် အလွဲသုံးစားပြုခြင်း။ ၎င်းကဲ့သို့ အလွဲသုံးစားပြုထားကြောင်းကို၊ သိလျက်နှင့် လက်ခံခြင်း။ ၎င်းကဲ့သို့ လုပ်ဆောင်မှုများကို၊ အားပေးကူညီခြင်း။ | ၁<br>၂<br>၃<br><br>၄ | ၅ နှစ်အထိ ထောင်ဒဏ်။<br>ကျပ် ၂,၅၀၀ အထိငွေဒဏ်။<br>ဆုံးရှုံးသည့်တန်ဘိုး၏ ၃ ဆ အထိ လျော်ကြေး။<br>ဖြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းကို ပြည်သူပိုင်အဖြစ် သိမ်းဆည်းခြင်း။ |
| ၇ | သမဝါယမအသင်းပိုင် ပစ္စည်းများကို၊ တမင်ဖျက်ဆီးခြင်း၊ ဖျက်ဆီးရန်ကြိုးပမ်းခြင်း။ ၎င်းကဲ့သို့ လုပ်ဆောင်မှုများကို၊ အားပေးကူညီခြင်း။ | ၁<br><br>၂<br>၃<br><br>၄ | အနည်းဆုံး ၅ နှစ်၊အများဆုံး ၁၀ နှစ်အထိထောင်ဒဏ်။<br>ကျပ် ၅,၀၀၀ အထိငွေဒဏ်။<br>ဆုံးရှုံးသည့်တန်ဘိုး၏ ၃ ဆ အထိ လျော်ကြေး။<br>ဖြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းကို ပြည်သူပိုင်အဖြစ် သိမ်းဆည်းခြင်း။ |
| ၈ | အမှတ်စဉ် ၇ တွင် ဖေါ်ပြသော ဖြစ်မှုများကို ကျူးလွန်ရာတွင် အခြား သော ပြည်သူပိုင် ပစ္စည်း၊သမဝါယမပိုင်ပစ္စည်း၊ အများပိုင် ပစ္စည်း၊ ပုဂ္ဂလိကပိုင်ပစ္စည်းများကို ပျက်စီးဆုံးရှုံးစေခြင်း၊ သို့မဟုတ် လူကို ထိခိုက်ဒဏ်ရာ ရစေခြင်း။ | ၁<br><br><br>၂<br><br>၃<br><br>၄ | အနည်းဆုံး ၅ နှစ်၊အများဆုံး တသက် တကျွန်း အထိ ထောင်ဒဏ်။<br>ကျပ် ၁၀,၀၀၀ အထိ ငွေဒဏ်။<br>ဆုံးရှုံးသည့်တန်ဘိုး၏ ၃ ဆ အထိ လျော်ကြေး။<br>ဖြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းကို ပြည်သူပိုင်အဖြစ် သိမ်းဆည်းခြင်း။ |

| အမှတ်စဉ် | ပြစ်မှု | | ပြစ်ဒဏ် |
|---|---|---|---|
| (၁) | (၂) | | (၃) |
| ၉ | အမှတ်စဉ် ၇ တွင်ဖော်ပြသော ပြစ်မှုများကို ကျူးလွန်ရာတွင် မီးလောင်စေခြင်း၊ သို့မဟုတ် လူကိုသေစေခြင်း။ | ၁<br>၂ | သေဒဏ်။<br>ကျူး လွန် သူ ပိုင်ဆိုင်သည့် ပစ္စည်းကိုပြည်သူပိုင်အဖြစ် သိမ်းဆည်းခြင်း။ |
| ၁၀ | သမဝါယမ အသင်းပိုင် ပစ္စည်း များကို ခိုးယူခြင်း၊ လိမ်လည် ရယူခြင်း၊ ချောက်လှန့် ရယူ ခြင်း။ ခိုးရန်၊ လိမ်လည် ရယူ ရန်၊ ချောက်လှန့် ရယူရန် ကြိုးပမ်းခြင်း။ ခိုး၍၊ လိမ်လည် ၍၊ ချောက်လှန့်၍ ရရှိထား သည့်သမဝါယမ အသင်းပိုင် ပစ္စည်း များအား၊ ဤကဲ့သို့ ရရှိထားကြောင်း သိလျက်နှင့် လက်ခံခြင်း။<br>ဤကဲ့သို့ လုပ်ဆောင် မှုများကို၊ အားပေးကူညီခြင်း။ | ၁<br>၂<br>၃<br>၄ | ၅ နှစ်အထိ ထောင်ဒဏ်။<br>ကျပ် ၂,၅၀၀ အထိငွေဒဏ်။<br>ဆုံးရှုံးသည့် တန်ဘိုး၏ ၃ ဆ အထိ လျော်ကြေး။<br>ပြစ်မှုကျူးလွန်ရာတွင် အသုံး ပြုသည့် ပစ္စည်းကို ပြည်သူ ပိုင် အဖြစ် သိမ်းဆည်း ခြင်း။ |
| ၁၁ | အမှတ်စဉ် ၁၀ တွင် ဖော်ပြ သော ပြစ်မှုများကို ကျူးလွန် ရာတွင် အခြားသော ပြည် သူပိုင်ပစ္စည်းများ၊သမဝါယမ အသင်းပိုင် ပစ္စည်းများ၊ အ များပိုင်ပစ္စည်း၊ ပုဂ္ဂလိကပိုင် ပစ္စည်းကို ပျက်စီး ဆုံးရှုံး စေ ခြင်း၊ သို့မဟုတ် လူကိုထိခိုက် ဒဏ်ရာရစေခြင်း။ | ၁<br>၂<br>၃<br>၄ | အနည်းဆုံး ၅ နှစ်၊အများဆုံး ၁၀ နှစ် အထိ ထောင် ဒဏ်။<br>ကျပ် ၅,၀၀၀ အထိငွေဒဏ်၊<br>ဆုံးရှုံးသည့် တန်ဘိုး၏ ၃ ဆ အထိ လျော်ကြေး။<br>ပြစ်မှုကျူးလွန်ရာတွင် အသုံး ပြုသည့် ပစ္စည်းကို ပြည်သူ ပိုင် အဖြစ် သိမ်း ဆည်း ခြင်း။ |

## နောက်ဆက်တွဲ ဇယား ၂။ ။အဆက်

| အမှတ်စဉ် | ပြစ်မှု | | ပြစ်ဒဏ် |
|---|---|---|---|
| (၁) | (၂) | | (၃) |
| ၁၂ | အမှတ်စဉ် ၁၀ တွင် ဖော်ပြသော ပြစ်မှုများကို ကျူးလွန်ရာတွင် မီးလောင် စေခြင်း၊ သို့မဟုတ် လူကို သေစေခြင်း။ | ၁<br>၂ | သေဒဏ်။<br>ကျူး လွန်သူ ပိုင်ဆိုင် သည့် ပစ္စည်း ကို ပြည် သူ ပိုင် အဖြစ် သိမ်းဆည်းခြင်း။ |
| ၁၃ | သမဝါယမအသင်းပိုင် ပစ္စည်းများကို လုယက်ခြင်း၊ ဓါးပြတိုက်ခြင်း၊ လုယက်ရန်၊ ဓါးပြတိုက်ရန်ကြိုး ပမ်း ခြင်း၊ လုယက်၍၊ ဓါးပြတိုက်၍ရရှိသည့် သ မ ဝါ ယ မ အ သင်း ပိုင် ပစ္စည်း များအား၊ ဤကဲ့သို့ ရရှိကြောင်းကို သိလျက်နှင့် လက်ခံခြင်း။<br>ဤကဲ့သို့ လုပ်ဆောင်မှုများကို၊ အားပေးကူညီခြင်း။ | ၁<br>၂<br>၃<br>၄ | အနည်းဆုံး ၅ နှစ်၊ အများဆုံးတသက် တကျွန်း အထိ ထောင်ဒဏ်။<br>ကျပ် ၁၀,၀၀၀ အထိ ငွေဒဏ်။<br>ဆုံးရှုံးသည့် တန်ဘိုး၏ ၃ ဆ အထိ လျော်ကြေး။<br>ပြစ်မှု ကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းကိုပြည်သူပိုင် အဖြစ် သိမ်းဆည်းခြင်း။ |
| ၁၄ | အမှတ်စဉ် ၁၃ တွင် ဖော်ပြသောပြစ်မှုများကို၊ ကျူးလွန်ရာတွင် အခြားသောပြည်သူပိုင်ပစ္စည်းများ၊ သမဝါယမ အသင်းပိုင် ပစ္စည်းများ၊ အများပိုင်ပစ္စည်းများ၊ ပုဂ္ဂလိကပိုင် ပစ္စည်းများကို ပျက်စီးဆုံးရှုံး စေခြင်း၊ သို့မဟုတ် လူကို ထိခိုက် ဒဏ်ရာ ရစေခြင်း။ | ၁<br>၂<br>၃<br>၄ | အနည်းဆုံး ၅ နှစ်၊ အများဆုံးတသက် တကျွန်း အထိ ထောင်ဒဏ်။<br>ကျပ် ၁၀,၀၀၀ အထိ ငွေဒဏ်။<br>ဆုံးရှုံးသည့် တန်ဘိုး၏ ၃ ဆ အထိ လျော်ကြေး။<br>ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းကိုပြည်သူပိုင် အဖြစ် သိမ်း ဆည်းခြင်း။ |

## နောက်ဆက်တွဲဇယား ၂။ ။အဆက်

| အမှတ်စဉ် | ပြစ်မှု | ပြစ်ဒဏ် | |
|---|---|---|---|
| (၁) | (၂) | (၃) | |
| ၁၅ | အမှတ်စဉ် ၁၃ တွင် ဖေါ်ပြသော ပြစ်မှုများကို ကျူးလွန်ရာတွင် မီးလောင် စေခြင်း၊ သို့မဟုတ် လူကိုသေစေခြင်း။ | ၁<br>၂ | သေဒဏ်။<br>ကျူး လွန်သူ ပိုင်ဆိုင် သည့် ပစ္စည်းကို ပြည်သူပိုင်အဖြစ် သိမ်းဆည်းခြင်း၊ |
| ၁၆ | သမဝါယမ အသင်းပိုင် ပစ္စည်းများကို၊ အတု ပြုလုပ်ခြင်း၊ မူလအခြေပျက်အောင် ပြုလုပ်ခြင်း၊ အပ ပစ္စည်းများဖြင့် ရောနှောခြင်း၊ အခြား ပစ္စည်းများကိုအစားထိုးခြင်း၊ အသင်းပိုင် ပစ္စည်း၏ တံဆိပ်အမှတ် အသားကို အတု ပြုလုပ်ခြင်း၊ လိမ်လည်သုံးစွဲခြင်း။<br>ဤကဲ့သို့ လုပ်ဆောင်မှု များကို အားပေးကူညီခြင်း။ | ၁<br>၂<br>၃<br>၄ | ၅ နှစ်အထိ ထောင်ဒဏ်။<br>ကျပ် ၂,၅၀၀ အထိ ငွေဒဏ်။<br>ဆုံးရှုံးသည့်တန်ဘိုး၏ ၃ ဆ အထိ လျော်ကြေး။<br>ပြစ်မှုကျူးလွန်ရာတွင်အသုံးပြုသည့် ပစ္စည်းကို ပြည်သူပိုင် အဖြစ် သိမ်းဆည်းခြင်း။ |
| ၁၇ | အမှတ်စဉ် ၁၆ တွင် ဖေါ်ပြသောပြစ်မှုများကို၊ ကျူးလွန်ခြင်းကြောင့်၊ လူ၏ ကျန်းမာရေးကို ထိခိုက်စေခြင်း၊ သမဝါယမ အသင်း၏ လုပ်ငန်းကို ထိခိုက်စေခြင်း၊ | ၁<br>၂<br>၃<br>၄ | အနည်းဆုံး၅ နှစ်၊အများဆုံး ၁၀ နှစ်အထိ ထောင်ဒဏ်။<br>ကျပ် ၅,၀၀၀ အထိ ငွေဒဏ်။<br>ထိခိုက်နစ်နာသည့်တန်ဘိုး၏ ၃ ဆအထိ လျော်ကြေး။<br>ပြစ်မှု ကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းကို ပြည်သူပိုင် အဖြစ်သိမ်းဆည်းခြင်း။ |

## နောက်ဆက်တွဲဇယား ၂။ ။အဆက်

| အမှတ်စဉ် | ပြစ်မှု | | ပြစ်ဒဏ် |
|---|---|---|---|
| (၁) | (၂) | | (၃) |
| ၁၈ | အမှတ်စဉ် ၁၆ တွင် ဖော်ပြသော ပြစ်မှုများကို၊ ကျူးလွန်ခြင်းကြောင့် လူကို သေစေခြင်း။ | ၁<br>၂ | သေဒဏ်။<br>ကျူး လွန် သူ ပိုင် ဆိုင် သည့် ပစ္စည်းကို ပြည် သူ ပိုင် အဖြစ် သိမ်းဆည်းခြင်း။ |
| ၁၉ | သမဝါယမအသင်းပိုင် ပစ္စည်းများနှင့် ပတ်သက်၍၊ လုပ်ပိုင်ခွင့်မရှိပါဘဲလျက်၊ လုပ်ပိုင်ခွင့်ရှိဟန် လိမ်လည်ခြင်း။ အသင်း၏တာဝန်ခံ၊ သို့မဟုတ် ဝန်ထမ်း အယောင် ဆောင်၍ လိမ်လည်ခြင်း။<br>ဤကဲ့သို့ လိမ်လည် သည်ကို၊ အားပေး ကူညီခြင်း။ | ၁<br>၂<br>၃<br><br>၄ | ၅ နှစ်အထိ ထောင်ဒဏ်။<br>ကျပ် ၂,၅၀၀ အထိငွေဒဏ်။<br>ဆုံးရှုံးသည့် တန်ဘိုး၏ ၃ ဆ အထိလျော်ကြေး။<br>ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းကို ပြည်သူပိုင် အဖြစ် သိမ်းဆည်းခြင်း။ |
| ၂၀ | သမဝါယမအသင်း၏ တံဆိပ်၊ စာရွက် စာတမ်းများ၊ စာရင်းအင်းများကိုအတုပြုလုပ်ခြင်း၊ အစား ထိုးခြင်း၊ လိမ်လည်ပြုလုပ်ခြင်း၊ အလွဲ သုံးစား ပြုခြင်း၊ အသင်း၏တာဝန်ခံ၊ သို့မဟုတ် ဝန်ထမ်း၏ လက်မှတ်ကိုအတုပြုလုပ်ခြင်း၊ အလွဲ သုံးစား ပြုခြင်း။<br>ဤကဲ့သို့ လုပ်ဆောင်မှုများကို၊ အားပေးကူညီခြင်း။ | ၁<br>၂<br>၃<br><br>၄ | ၅ နှစ်အထိထောင်ဒဏ်။<br>ကျပ် ၂,၅၀၀ အထိငွေဒဏ်။<br>ဆုံးရှုံးသည့်တန်ဘိုး၏ ၃ ဆ အထိလျော်ကြေး။<br>ပြစ်မှု ကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းကိုပြည်သူပိုင် အဖြစ်သိမ်းဆည်းခြင်း။ |

## နောက်ဆက်တွဲ ဇယား ၂။ ။အဆက်

| အမှတ်စဉ် | ပြစ်မှု | ပြစ်ဒဏ် | |
|---|---|---|---|
| (၁) | (၂) | (၃) | |
| ၂၁ | သမဝါယမအသင်း၏ လုပ်ငန်းကို၊ နှောင့်နှေးစေရန် သော်လည်းကောင်း၊ ပျက်ပြားစေရန်သော်လည်းကောင်း၊ ဆုံးရှုံးစေရန်သော်လည်းကောင်း နှောင့်ရှက်ခြင်း။<br><br>ဤကဲ့သို့ နှောင့်ရှက် သည်ကို၊ အားပေးကူညီခြင်း။ | ၁<br>၂<br>၃<br><br>၄ | ၅ နှစ်အထိ ထောင်ဒဏ်။<br>ကျပ် ၂,၅၀၀ အထိ ငွေဒဏ်။<br>ဆုံးရှုံးသည့် တန်ဘိုး၏ ၃ ဆ အထိ လျော်ကြေး။<br>ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းကို ပြည်သူပိုင် အဖြစ် သိမ်းဆည်းခြင်း။ |
| ၂၂ | သမဝါယမ အသင်း၏ လုပ်ငန်းများနှင့်ပတ်သက်၍ သမဝါယမ အသင်း၏ လျှို့ဝှက်ချက်အဖြစ် သတ်မှတ် ပိတ်ပင် တားဆီး ထားသော အကြောင်း ကိစ္စ အချက်အလက်များကို သက်ဆိုင်ရာများ၏ ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းနှင့် သက်ဆိုင်ခြင်း မရှိသော ပုဂ္ဂိုလ်တစ်စုံတစ်ယောက်အားဖြင့်စေ၊ အဖွဲ့ အစည်းအားဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း နည်းအမျိုးမျိုးဖြင့်သတင်းပေးခြင်း။<br><br>ဤကဲ့သို့ လုပ်ဆောင် သည်ကို၊ အားပေးကူညီခြင်း။ | ၁<br>၂<br>၃ | ၅ နှစ်အထိ ထောင်ဒဏ်။<br>ကျပ် ၂,၅၀၀ အထိ ငွေဒဏ်။<br>လုပ်ငန်းဆုံးရှုံးမှုရှိလျှင် ဆုံးရှုံးသည့် လုပ်ငန်း တန်ဘိုး၏ ၅ ဆ အထိ လျော်ကြေး။ |

## နောက်ဆက်တွဲဇယား ၂။ ။အဆုံး

| အမှတ်စဉ် | ပြစ်မှု | ပြစ်ဒဏ် | |
|---|---|---|---|
| (၁) | (၂) | (၃) | |
| ၂၃ | သမဝါယမ အသင်းပိုင်၊ သို့မဟုတ် သမဝါယမ အသင်းက အသုံးပြုသော မြေနှင့် အဆောက်အဦးအတွင်း၊အရံအတားအတွင်း ရာဇဝတ်မှုများကို ကျူးလွန်ခြင်း။<br><br>ဤကဲ့သို့ ပြုလုပ်သည်ကို၊ အားပေးကူညီခြင်း။ | ၁ | ၃ နှစ်အထိ ထောင်ဒဏ်။ |
| | | ၂ | ကျပ် ၁,၅၀၀ အထိ ငွေဒဏ်။ |
| | | ၃ | ဆုံးရှုံးသည့် တန်ဘိုး၏ ၃ ဆ အထိ လျော်ကြေး။ |
| | | ၄ | ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းကို ပြည်သူပိုင်အဖြစ် သိမ်းဆည်းခြင်း။ |

# နောက်ဆက်တွဲဇယား ၃

## သမဝါယမ အသင်းက ကျူးလွန်သည့် ပြစ်မှုများ

| အမှတ်စဉ် | ပြစ်မှု | ပြစ်ဒဏ် | |
|---|---|---|---|
| (၁) | (၂) | (၃) | |
| ၁ | တရားဥပဒေအရဖြစ်စေ၊ တရားရုံး၏ စီရင်ချက်အရ ဖြစ်စေ၊ စာချုပ်အရဖြစ်စေ၊ သဘောတူညီချက်အရဖြစ်စေ၊ ကတိအရ ဖြစ်စေ—<br>(၁) အသင်းက ပေးအပ်ရန်၊ လွှဲအပ်ရန်ရှိသည့်ပစ္စည်းများကို အကြောင်းအချက် မရှိဘဲ လုံလောက်သည့်အတိုင်း အသင်းကပေးအပ်ရန်၊ လွှဲအပ်ရန် ပျက်ကွက်ခြင်း။<br>(၂) အသင်းက ဆောင်ရွက်ပေးရန် ရှိသည် တို့ကို အကြောင်းအချက်မရှိဘဲ အသင်းကဆောင်ရွက်ပေးရန် ပျက်ကွက်ခြင်း။ | ၁ | အသင်း၏တာဝန်ခံများနှင့်ဝန်ထမ်းများထဲမှ ပြစ်မှုအတွက် တာဝန် ရှိသူများ အတွက် ၃ နှစ်အထိ ထောင်ဒဏ်။ |
| | | ၂ | ပြစ်မှုအတွက် ဆုံးရှုံးသည့် တန်ဘိုး၏ ၃ ဆ အထိ ငွေဒဏ်ကြေးကို အသင်း၏ ဘဏ္ဍာမှ ကျခံစေခြင်း။ |
| | | ၃ | အသင်းအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း။ |
| ၂ | တရားဥပဒေအရဖြစ်စေ၊ တရားရုံး၏ စီရင်ချက်အရ ဖြစ်စေ၊ စာချုပ်အရဖြစ်စေ၊ သဘောတူညီချက်အရဖြစ်စေ၊ ကတိအရဖြစ်စေ အသင်းက ပေးအပ်ရန်၊ လွှဲအပ်ရန် ရှိသည့် ပစ္စည်းများကို ပျက်အောင်ပြုလုပ်၍၊ သို့မဟုတ် အစားထိုး၍၊ သို့မဟုတ် အပိုပစ္စည်း | ၁ | အသင်း၏ တာဝန် ခံများနှင့် ဝန် ထမ်း များ ထဲ မှ ပြစ်မှု အတွက် တာဝန် ရှိသူများ အတွက် ၃ နှစ်အထိ ထောင်ဒဏ်။ |
| | | ၂ | ပြစ်မှုအတွက် ဆုံးရှုံးသည့်တန်ဘိုး၏ ၃ ဆ အထိ ငွေဒဏ်ကြေးကို အသင်း၏ဘဏ္ဍာမှ ကျခံစေခြင်း။ |

## နောက်ဆက်တွဲ ဇယား ၃။ ။အဆုံး

| အမှတ်စဉ် | ဖြစ်မှု | ဖြစ်ဒဏ် | |
|---|---|---|---|
| (၁) | (၂) | (၃) | |
| | များဖြင့် ရောနှော၍၊ သို့မဟုတ် အတုပြုလုပ်၍၊ သို့မဟုတ် လိမ်လည်၍ ပေးအပ်ခြင်း၊ လွှဲအပ်ခြင်း။ | ၃ | အသင်းအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း။ |
| ၃ | အစိုးရက သတ်မှတ်ပေးသည့် လုပ်ငန်းများထက် ကျော်လွန်၍ အစိုးရ၏ခွင့်ပြုချက် မရှိဘဲ အသင်းက လုပ်ဆောင်ခြင်း။ | ၁ | အသင်း၏တာဝန်ခံများနှင့်ဝန်ထမ်းများထဲမှ ဖြစ်မှု အတွက် တာဝန် ရှိသူများ အတွက် ၃ နှစ်အထိ ထောင်ဒဏ်။ |
| | | ၂ | ဖြစ်မှုအတွက် ဆုံးရှုံးသည့်တန်ဘိုး၏ ၃ ဆအထိ ငွေကြေးကို အသင်း၏ဘဏ္ဍာမှ ကျခံစေခြင်း။ |
| | | ၃ | အသင်းအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း။ |
| ၄ | အစိုးရက ပိတ်ပင် ထားသည့် လုပ်ငန်းများကိုအသင်းအနေဖြင့် လုပ်ကိုင်ခြင်း၊ ပြည်သူပိုင်ပစ္စည်းများကို အသင်းအနေဖြင့် တရားဥပဒေနှင့်ဆန့်ကျင်၍ ရောင်းဝယ်ခြင်း၊ ပြည်သူပိုင် ပစ္စည်းများကို အသင်းအနေဖြင့် အလွဲသုံးစား ပြုခြင်း၊ အသင်း အနေဖြင့် ပစ္စည်းများကို နိုင်ငံခြားတိုင်းပြည် များသို့ ခိုးထုတ်ခြင်း၊ နိုင်ငံခြား တိုင်း ပြည် များမှ ခိုးသွင်းခြင်း။ | ၁ | အသင်း၏တာဝန်ခံများနှင့်ဝန်ထမ်းများထဲမှ ဖြစ်မှုအတွက်၊ တာဝန် ရှိသူများ အတွက် အနည်းဆုံး ၁၀ နှစ် အထိ ထောင်ဒဏ်၊ အ များ ဆုံး သေဒဏ်။ |
| | | ၂ | အသင်းပိုင် ပစ္စည်းနှင့် ဖြစ်မှုကျူးလွန်သူများ၏ ကိုယ်ပိုင်ပစ္စည်းများကို ပြည် သူ ပိုင် အဖြစ် သိမ်းဆည်းခြင်း။ |
| | | ၃ | အသင်းကို စာရင်း ရှင်း လင်း ဖျက်သိမ်းခြင်း။ |

# နောက်ဆက်တွဲ ဇယား ၄

## သမဝါယမ စကားရပ်ကို အလွဲသုံးစားပြုမှု

| အမှတ်စဉ် | ပြစ်မှု | ပြစ်ဒဏ် | |
|---|---|---|---|
| (၁) | (၂) | (၃) | |
| ၁ | သမဝါယမ အသင်း စာရင်းတွင် မှတ်ပုံတင်ပြီး၍ မှတ်ပုံတင်အမှတ် ရရှိပြီး ဖြစ်သော သမဝါယမ အသင်း မဟုတ်ပါဘဲ၊ သို့မဟုတ် အစိုးရ၏ ခွင့်ပြုချက်မရှိဘဲ သမဝါယမ ဆိုသည့်စကားရပ်၊ သို့မဟုတ် သမဝါယမ ဟု အဓိပ္ပါယ် သက်ရောက်သော အခြား ဘာသာရပ် တစုံတခုဖြင့် ရေးသားထားသည့် စကားရပ်ကို ဖြင်စေ၊ အစိုးရက သတ်မှတ်ပေးသည့် သမဝါယမတံဆိပ်ကို ဖြစ်စေ အသုံးပြုခြင်း။ | ၁ | ကျပ် ၅၀၀ အထိ ငွေဒဏ်။ |
| | | ၂ | ဆက်လက်၍ ပြစ်မှု ကျူးလွန်လျှင် ကျူးလွန်သည့် ရက်တိုင်း အတွက် ကျပ် ၁၁၀ အထိ ငွေဒဏ်။ |

(ပုံ) စန်းယု၊
ဥက္ကဋ္ဌ (ကိုယ်စား)၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊

ရန်ကုန်မြို့၊ ၁၃၃၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်။
(၁၉၇၀ ခုနှစ်၊ မေလ ၂၈ ရက်။)

အမိန့်အရ၊

(ပုံ) ဒု-ဗိုလ်မှူးကြီး ကြီးမြင့်၊
အတွင်းဝန် (ကိုယ်စား)၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။